# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၅ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 10 April 2024 ၁၁၄၂၇


## မိမိကိုယ်သာလျှင် ကြည့်ရှုဆင်ခြင်

သူတစ်ပါးတို့၏ ကြမ်းတမ်းဝန်တို မလိုသော စကားတို့ကို နှလုံးမသွင်းအပ်၊ သူတစ်ပါး၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကို မကြည့်ရှု မဆင်ခြင်ရာ၊ မိမိ၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကိုသာလျှင် ကြည့်ရှု ဆင်ခြင်ရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုး မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက် သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာ စေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန် အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှု မရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေ ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ် ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရ အား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်။

# EPS စနစ်ဖြင့် မြန်မာလုပ်သား ၁၉၀ ကျော်ကို ကိုရီးယားသမ္မတနိုင်ငံသို့ စေလွှတ်

ရန်ကုန် ဧပြီ ၉

ကိုရီးယားသမ္မတနိုင်ငံသို့ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ (POEA) မှတစ်ဆင့် EPS စနစ်ဖြင့် မြန်မာလုပ်သား ၁၉၃ ဦးကို ဧပြီ ၉ ရက်တွင် စေလွှတ်ခဲ့ကြောင်း ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာ သံရုံးမှ သိရသည်။

ယင်းကဲ့သို့ စေလွှတ်သောလုပ်သား ၁၉၃ ဦးအနက် ကုန်ထုတ်လုပ် သားသစ် ၁၇၂ ဦးနှင့် ဆောက်လုပ်ရေးလုပ်သား ၂၁ ဦး ပါဝင်ပြီး မြန်မာ လုပ်သားများ ရန်ကုန်မြို့မှ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မြန်မာအမျိုးသားလေကြောင်းလိုင်း UB 8301 (Charter Flight) ခရီးစဉ် ဖြင့် ရောက်ရှိခဲ့ကြောင်း သိရသည်။ စာမျက်နှာ ၃ ကော်လံ ၄ သို့ ✩



မြန်မာလုပ်သားများ ကိုရီးယားနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

# မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများတွင် လေပြင်းတိုက်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်

ရန်ကုန် ဧပြီ ၉

မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများတွင် လေပြင်းတိုက်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်သောကြောင့် သတိထားသင့်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှထွန်းက ပြောသည်။

ယင်းသို့ မိုးသီးကြွေခြင်းနှင့် လေပြင်းတိုက်ခြင်းများသည် ဧပြီလအတွင်း စာမျက်နှာ ၃ ကော်လံ ၄ သို့ ✪




ဧပြီ ၁၂ ရက်တွင် ဖြစ်ပေါ်လာနိုင်သည့် နေ့အပူချိန်ပြ ခန့်မှန်းရုပ်ပုံကားချပ်။

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် ဧပြီ ၉

| | | | | | |
|---|---|---|---|---|---|
| ချောက် | ၄၅ | ဒီဂရီဆဲလ်စီးယပ် | မြင်းမူ | ၄၃ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၄ | ဒီဂရီဆဲလ်စီးယပ် | ညောင်ဦး | ၄၃ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၄ | ဒီဂရီဆဲလ်စီးယပ် | အောင်လံ | ၄၃ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၄ | ဒီဂရီဆဲလ်စီးယပ် | တောင်တွင်းကြီး | ၄၃ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၄၄ | ဒီဂရီဆဲလ်စီးယပ် | ပြည် | ၄၃ | ဒီဂရီဆဲလ်စီးယပ် |

## ယနေ့ ဖတ်စရာ


**နေပြည်တော် လမ်းလျှောက် သကြံန်တွင် ပါဝင်ဆင်နွှဲကြမည့် ကိုရီးယားအနုပညာရှင်များ ရန်ကုန်မြို့သို့ ရောက်ရှိ**

စာမျက်နှာ » ၅



**စုစည်းညီညွတ်မှုအားသာချက်နှင့် ရွေးကောက်ပွဲအောင်နိုင်ခဲ့သူ ရုရှားနိုင်ငံအတွက် Special One**

ဆောင်းပါး စာမျက်နှာ » ၆

## ကြေးမုံ

# တစ်ဖက်သတ်ဖိအားပေးမှုမှန်သမျှလက်မခံ

ဂျီနီဗာမြို့၌ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှ ဧပြီလ ၅ ရက်နေ့အထိ ပြုလုပ်ခဲ့သည့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၅၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးများတွင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသည် ဥရောပသမဂ္ဂကိုယ်စား ဘယ်လ်ဂျီယံနိုင်ငံက တင်သွင်းသည့် "မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ" ခေါင်းစဉ်ပါ ဆုံးဖြတ်ချက်အဆိုကို ဧပြီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံမပါဝင်ဘဲ အတည်ပြုချမှတ်ခဲ့သည်။

အဆိုပါဆုံးဖြတ်ချက်အဆိုတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ အခြေအမြစ်မရှိသည့် တစ်ဖက်သတ်စွပ်စွဲဖော်ပြချက်များ ပါဝင်နေသည်ကို တွေ့ရသည်။ နိုင်ငံတစ်နိုင်ငံကို ဦးတည်သည့် ဆွေးနွေးမှုများ၊ ဆုံးဖြတ်ချက်အဆိုများနှင့် လုပ်ပိုင်ခွင့်များ၊ ၎င်းတို့၏ နောက်ဆက်တွဲ အပြန်အလှန်ဆွေးနွေးမှုများသည် သက်ဆိုင်ရာနိုင်ငံနှင့် နိုင်ငံတကာအသိုက်အဝန်းတို့အကြား ဓမ္မဓိဋ္ဌာန်ကျသော အစီရင်ခံမှု၊ အပြုသဘောဆောင်သော ဆွေးနွေးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုဖြစ်ပေါ်ရေးကို အထောက်အကူမပြုသည်ကို တွေ့ရသည်။

ထို့အပြင် ကုလသမဂ္ဂ၏ အခြေခံမူများဖြစ်သည့် သမာသမတ်ကျမှု၊ ဓမ္မဓိဋ္ဌာန်ကျမှု၊ ရွေးချယ်မဆောင်ရွက်မှုတို့နှင့် ဆန့်ကျင်နေခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့် ယင်းတို့နှင့်ပတ်သက်၍ အစဉ်တစိုက်ဆန့်ကျင်ခဲ့သည်။ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအနေဖြင့် ကမ္ဘာပေါ်ရှိနိုင်ငံများကို ကိုယ်စားပြု၍ လူ့အခွင့်အရေးနှင့်ပတ်သက်သည့်အခြေအနေများကို သက်ဆိုင်ရာနိုင်ငံနှင့်အတူ ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်သုံးသပ်ပြီး ဖြေရှင်းဆောင်ရွက်ပေးရမည့် အဖွဲ့အစည်းဖြစ်သော်လည်း ယခုကဲ့သို့ တစ်ဖက်သတ်စွပ်စွဲ ဘက်လိုက်ဆုံးဖြတ်မှုများ ပြုလုပ်နေခြင်းသည် ကုလသမဂ္ဂ၏မူများကို မျက်ကွယ်ပြုပြီး အင်အားကြီးနိုင်ငံများ၏အလိုကျ ဆောင်ရွက်နေသည်မှာ ပေါ်လွင်နေသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကုလသမဂ္ဂက ချမှတ်ထားသည့် ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များနှင့်အညီ လိုက်ပါဆောင်ရွက်လျက်ရှိသည်။ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးနှင့်ပတ်သက်၍လည်း လိုအပ်သူများထံ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတစ်ဝန်း၌ ကုလသမဂ္ဂအဖွဲ့အစည်း ၁၆ ဖွဲ့၏ ရုံးခွဲများ ဖွင့်လှစ်ခွင့်ပြုပေးထားသည်။ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအထိရှိသော စာရင်းများအရ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအဖွဲ့အစည်းများ၌ နိုင်ငံခြားသားဝန်ထမ်း ၁၃၀ ကျော်၊ ပြည်တွင်းခန့်ဝန်ထမ်း ၁၇၀၀ ကျော် လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံလူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး ညှိနှိုင်းမှုဗဟိုဌာန (AHA Centre)၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် အလှူရှင်နိုင်ငံများ၏ သံရုံးများကို မြေပြင်လုံခြုံရေးအခြေအနေပေါ်မူတည်၍ ခရီးသွားရောက်ခွင့်ပြုခဲ့သည်။ လွန်ခဲ့သော သုံးနှစ်အတွင်း အစိုးရအနေဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများအား နိုင်ငံတစ်ဝန်း ခရီးသွားလာခွင့် အကြိမ် ၁၀၀၀ ကျော်နှင့် မြန်မာနိုင်ငံအခြေစိုက် သံရုံးများအား အကြိမ် ၆၀ ကျော် ခွင့်ပြုပေးခဲ့သည်။ အထူးသဖြင့် ၂၀၂၃ ခုနှစ်အတွင်း ရခိုင်ပြည်နယ်တစ်ခုတည်းအတွက် ကုလသမဂ္ဂအဖွဲ့အစည်းများအား စုစုပေါင်း အကြိမ် ၂၅၀ ခန့်နှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများအား အကြိမ် ၃၀၀ ကျော် ခရီးသွားလာခွင့်ပြုပေးခဲ့သည်။

ထို့အပြင် အစိုးရအနေဖြင့် ကုလသမဂ္ဂဘက်မှ အဆင့်မြင့်အရာရှိကြီးများ၏ အဆိုပြုခရီးစဉ်များကိုလည်း ညှိနှိုင်းပေးခဲ့သည်။ လွန်ခဲ့သောသုံးနှစ်အတွင်း ကုလသမဂ္ဂနှင့်နိုင်ငံတကာအဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိကြီးများ၏ ခရီးစဉ် ၁၉ ခုကို ညှိနှိုင်းပေးခဲ့သည်။ ကုလသမဂ္ဂ၏ အစီရင်ခံစာအချို့နှင့် သတင်းထုတ်ပြန်ချက်အချို့တွင် ခရီးသွားလာခွင့် ငြင်းပယ်ခံရကြောင်း ဖော်ပြချက်မှာ အခြေအမြစ်မရှိသော စွပ်စွဲချက်သာဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများအား နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ ပြန်လည်လက်ခံနိုင်ရေးအတွက် အသင့်ပြင်ဆင်ဆောင်ရွက်ထားရှိပြီး ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အပြည့်အဝ ကတိကဝတ်ပြု ဆောင်ရွက်လျက်ရှိသည်။ လတ်တလောတွင် ရခိုင်ပြည်နယ်ရှိ လုံခြုံရေးအခြေအနေများအရ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များကို မစတင်နိုင်သေးပေ။

သို့ဖြစ်ရာ ကုလသမဂ္ဂနှင့်မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ရာတွင် တစ်ဖက်သတ်ဖိအားပေးမှုများသည် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများအတွက် အထောက်အကူပြုမည်မဟုတ်ပေ။ ဥရောပသမဂ္ဂကိုယ်စား ဘယ်လ်ဂျီယံနိုင်ငံက တင်သွင်းခဲ့သည့် တစ်ဖက်သတ်ဆုံးဖြတ်ချက်ကဲ့သို့ အဆိုမှန်သမျှကို မြန်မာနိုင်ငံအနေဖြင့် ပြတ်သားစွာ ခြွင်းချက်မရှိပယ်ချသွားမည်ဖြစ်ပြီး နားလည်မှု၊ စာနာမှု၊ အပြန်အလှန်ထိတွေ့ဆောင်ရွက်မှုတို့ဖြင့် လက်တွေ့ဓမ္မဓိဋ္ဌာန်ကျကျ ဆောင်ရွက်မှုမျိုးကိုသာ အသိအမှတ်ပြုမည်ဖြစ်ပါကြောင်း။ ။

## ပါဠိပထမပြန်စာမေးပွဲ သတ္တမနေ့ ကျင်းပ

**နေပြည်တော် မေ ၉**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၄ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို ယနေ့(သတ္တမနေ့)တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၁၆ ဌာနတို့၌ စာဖြေစာရင်းသွင်း ၇၆၇၇ ပါး/ဦးအနက် ၆၆၀၁ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၂ ဒသမ ၅၂ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန် / ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဗိုလ်မှူးချုပ်မျိုးမင်းအား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

THE REPUBLIC OF THE UNION OF MYANMAR
THE SUPREME COURT Of THE UNION

သတင်းထုတ်ပြန်ချက်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၃ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ခြင်း

**နေပြည်တော် မေ ၁၀**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ ၂၀၂၃ ခုနှစ် တရားရုံးနှစ်စဉ်အစီရင်ခံစာကို (အင်္ဂလိပ်/မြန်မာ) နှစ်ဘာသာဖြင့် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ထုတ်ပြန်သည်။ ယင်းအစီရင်ခံစာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ website ဖြစ်သည့် www.unionsupremecourt.gov.mm တွင်လည်း လွှင့်တင်ဖော်ပြထားပါသည်။

ပြည်ထောင်စု တရားလွှတ်တော်ချုပ်အပါအဝင် တရားရုံးအဆင့်ဆင့်၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် တရားရုံးနှစ်စဉ်အစီရင်ခံစာများကို ၂၀၁၆ ခုနှစ်မှစတင်၍ နှစ်စဉ်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

တရားရုံး နှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်များမှာ တရားစီရင်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာ၍ တာဝန်ခံနိုင်မှုရှိစေရန်၊ တရားရုံးများ၏ လုပ်ငန်းဆောင်တာများအပေါ် ယထာဘူတကျကျ အကဲဖြတ်နိုင်စေရန်၊ တရားရုံးများအနေဖြင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်နှင့် တရားစီရင်ရေးကဏ္ဍ၏ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အများသိရှိစေရန်ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ တရားရုံးနှစ်စဉ်အစီရင်ခံစာကို ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၊ တရားရုံးအသုံးပြုသူများသာမက အများပြည်သူ အလွယ်တကူဖတ်ရှုလေ့လာနိုင်စေရန် တရားရုံးစနစ်နှင့် စီမံခန့်ခွဲမှု၊ ၂၀၂၃ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ကြိုးပမ်းဆောင်ရွက်မှုများ၊ တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်မှုများနှင့် မဟာဗျူဟာစီမံကိန်း ပထမနှစ်လုပ်ငန်းအစီအစဉ် (၂၀၂၃) အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် ဒုတိယနှစ်လုပ်ငန်းအစီအစဉ် (၂၀၂၄) တွင် ဆောင်ရွက်ရန် လျာထားချက်များဟူ၍ အပိုင်း(၄)ပိုင်းခွဲခြား၍လည်းကောင်း၊ နောက်ဆက်တွဲများ၊ ပုံပြကားချပ်များဖြင့်လည်းကောင်း ပြုစုထားပါသည်။ တရားရုံးနှစ်စဉ်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်အကြံပြုလိုပါက တရားရုံးနှစ်စဉ်အစီရင်ခံစာပြုစုရေးလုပ်ငန်းအဖွဲ့၏ အီးမေးလ် annualreport@usc.gov.mm သို့ ပေးပို့နိုင်ပါသည်။

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၉-၄-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၇၀၀ | ၁၀၅ | ၉၀၃,၆၀၀ |
| MTSH | ၂,၈၅၀ | ၂,၉၀၀ | ၅၂ | ၁၅၀,၇၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၇၃၄ | ၁,၁၀၁,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၁၀၂ | ၂၆၅,၂၀၀ |
| EFR | ၁,၇၀၀ | ၁,၇၅၀ | ၂၄၄ | ၄၂၂,၀၀၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၁ | ၄,၆၀၀ |
| MAEX | ၂,၀၀၀ | ၂,၀၀၀ | ၄၇၃ | ၉၄၆,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း/အမှုထမ်းများအား တွေ့ဆုံအမှာစကားပြောကြား



နေပြည်တော် ဧပြီ ၉

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် သံရုံးယာယီတာဝန်ခံများနှင့် အရာထမ်း၊ အမှုထမ်းများအား ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်ပသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် သံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများတွင် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် သံရုံးယာယီတာဝန်ခံများ၊ အရာထမ်း၊ အမှုထမ်းများက ၎င်းတို့ သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံများနှင့် ယခု သွားရောက်တာဝန်ထမ်းဆောင်ရမည့် နိုင်ငံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ဝန်ထမ်းများအနေဖြင့် မိမိနိုင်ငံ၏ အားသာချက်၊ အားနည်းချက်များကို မှန်မှန်ကန်ကန်သိရှိရန် လိုအပ်သကဲ့သို့ သွားရောက်တာဝန်ထမ်းဆောင်မည့် နိုင်ငံအကြောင်းကိုလည်း သိရှိထားရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင် ဖြစ်ပေါ်ပြောင်းလဲနေမှုများကို မျက်ခြည်မပြတ် စောင့်ကြည့်နေရမည်ဖြစ်ပြီး ပြောင်းလဲမှုအပေါ်မူတည်၍ လိုက်လျောညီထွေအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင် မိမိနိုင်ငံ၏ အကျိုးဖြစ်ထွန်းအောင်၊ ဆက်ဆံရေးတိုးတက်အောင် ဝန်ထမ်းများအနေဖြင့် မိမိ၏ ဆင်ခြင်တုံတရားဖြင့် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ သံတမန်တစ်ဦးအနေဖြင့် အနည်းဆုံး ဘာသာစကားနှစ်မျိုး တတ်မြောက်ထားရမည်ဖြစ်ပြီး သွားရောက်တာဝန်ထမ်းဆောင်မည့် နိုင်ငံ၏ ဘာသာစကားကိုလည်း တတ်နိုင်သမျှ ကြိုးစားလေ့လာ သင်ယူစေလိုကြောင်း၊ သံတမန်တစ်ဦးတွင် ရှိသင့်ရှိထိုက်သော အရည်အသွေး (Diplomatic Characteristic)များကို မြင့်မားအောင် ကြိုးစားကြရန် လိုအပ်ကြောင်း၊ သံတမန်တစ်ဦး၏ အရေးအကြီးဆုံးသော အရည်အသွေးသည် သစ္စာရှိမှု(Loyalty) ဖြစ်ကြောင်း၊ သံတမန်များအနေဖြင့် Communication Skill၊ Language Skill၊ Negotiation Skill အရည်အသွေးများကို အစဉ်လေ့ကျင့်၍ လေ့လာဆည်းပူးနေကြရန်နှင့် မြော်မြင်စဉ်းစားချင့်ချိန်နိုင်သည့် Strategic Thinking၊ သတ္တိနှင့် ယုံကြည်မှု (Courage and Confidence) တို့ ရှိရန်လည်း အရေးကြီးကြောင်း။

သံတမန်များသည် ကြီးမားသောပြဿနာများကို အနည်းဆုံးအင်အားဖြင့် ရင်ဆိုင်ဖြေရှင်းကြရသူများဖြစ်သည့်အတွက် သတ္တိနှင့် ယုံကြည်မှုမရှိလျှင် အောင်မြင်မှုမရနိုင်ကြောင်း၊ မိမိ၏ အပြုအမူ၊ အနေအထိုင်၊ အသွားအလာများသည် နိုင်ငံတော်ကို ကိုယ်စားပြုသည့်အတွက် သိက္ခာ၊ သမာဓိရှိရန်နှင့် မိမိကိုယ် မိမိယုံကြည်မှုရှိမှသာ အခြားသံတမန်များကို ဆွဲဆောင်စည်းရုံးနိုင်မည်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင် လုပ်သင့်သည်ကိုလုပ်ရန်နှင့် မလုပ်သင့်သည်ကို မလုပ်ရန် (Do and Don't) များကို သိရှိလိုက်နာ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ရာထူးအဆင့်အပေါ်မူတည်ပြီး Duty and Function အတိုင်း တာဝန်ထမ်းဆောင်မည်ဖြစ်သော်လည်း Collective Effort ဖြင့် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ သူတစ်ပါးအကျိုးကို ပျက်စီးစေပြီးမှ မိမိအကျိုးဖြစ်စေမည့်ကိစ္စရပ်များ မလုပ်မိစေရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများအချင်းချင်း စည်းလုံးညီညွတ်မှုရှိရန်နှင့် ကျန်းမာရေးကို အထူးဂရုစိုက်ရန်လည်း မှာကြားလိုကြောင်း ပြောကြားခဲ့သည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း စုပေါင်းတမန်းနှိုးခြင်းသရုပ်ပြပွဲ ကွင်းဆင်းကြည့်ရှု



တပ်ကုန်း ဧပြီ ၉

နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းနှင့် တာဝန်ရှိသူများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင်ရပ်ကွက် "ငွေပဒေသာ" စပါးကြိတ်ခွဲစက်နှင့် ဆန်ချောစက်လုပ်ငန်း၊ ဆရာစံရပ်ကွက် "ဝင်းမိသားစု" ဝါဂွမ်းအစေ့ထုတ်လုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုခဲ့သည်။ ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် တပ်ကုန်းမြို့ ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီး စာစစ်ဌာနတွင် ပါဠိပထမပြန်စာမေးပွဲ ဖြေဆိုတော်မူသော ရဟန်း၊ သာမဏေ၊ သီလရှင်များနှင့် ကြီးကြပ်ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် အေးချမ်းသာစံပြကျေးရွာ "အောင်ကမ္ဘာ" ဝါဂွမ်းအစေ့ထုတ်လုပ်ငန်း၊ "ဆရာလေး" အမှတ်တံဆိပ် တိုင်းရင်းဆေးလုပ်ငန်းနှင့် ကျေးရွာပိုင် စက်ရက်ကန်းအလုပ်ရုံတွင် ရက်ကန်းစင်လေးစင်၊ ရက်စက်ခုံတစ်ခုံဖြင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် ရေအေးကျေးရွာအုပ်စု ၂၀၂၃-၂၀၂၄ ခုနှစ် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် နွေစပါး (Seeder)စိုက်ခင်းများအား ရွက်ဖျန်းမြေဩဇာထောက်ပံ့ခြင်းနှင့် စုပေါင်းတမန်းနှိုးခြင်း ကွင်းသရုပ်ပြပွဲသို့ တက်ရောက်ပြီး တောင်သူများအား ရွက်ဖျန်းမြေဩဇာများ ထောက်ပံ့ပေးအပ်ခဲ့ပြီး စုပေါင်းတမန်းနှိုးခြင်း သရုပ်ပြပွဲဆောင်ရွက်မှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

☆ **ရွှေ့ဖုံးမှ**

မြန်မာလုပ်သားများ ရန်ကုန်မြို့မှ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မြန်မာအမျိုးသားလေကြောင်းလိုင်း UB 8301 (Charter Flight) ခရီးစဉ်ဖြင့် ရောက်ရှိခဲ့ကြောင်း သိရသည်။

မြန်မာလုပ်သားများ ရောက်ရှိချိန် မြန်မာသံရုံး ဆိုးလ်မြို့မှ အလုပ်သမားသံအရာရှိက ကြိုဆို၍ အလုပ်သမားများ သိရှိလိုက်နာသင့်သည့်အချက်များကို မှာကြားခဲ့ပြီး လိုအပ်သည်များ ကူညီပံ့ပိုးပေးခဲ့ကြောင်းလည်း သံရုံး၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။ ကိုရီးယားသမ္မတနိုင်ငံသို အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ (POEA) မှတစ်ဆင့် EPS စနစ်ဖြင့် မြန်မာလုပ်သားများစေလွှတ်လျက်ရှိပြီး ပြီးခဲ့သည့် မတ်လအတွင်းကလည်း EPS စနစ်ဖြင့် လုပ်သား ဦးရေ စုစုပေါင်း ၈၆၂ ဦး စေလွှတ်ရောက်ရှိခဲ့ကာ ဖေဖော်ဝါရီလကလည်း ကိုရီးယားသမ္မတနိုင်ငံသို့ E-9 ဗီဇာဖြင့် EPS လုပ်သား စုစုပေါင်း ၁၃၃၃ ဦး စေလွှတ်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ်တွင် ကျင်းပမည့် သတ္တမအကြိမ်မြောက် အမှတ်ပေးစနစ်ဖြင့် အလုပ်ခန့်ထားမည့် (EPS)စနစ်ဖြင့် ၁၆ ကြိမ်မြောက် ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲတွင် မြန်မာနိုင်ငံမှ လုပ်သားများကို ကိုရီးယားသမ္မတနိုင်ငံ ရှိဝန်ဆောင်မှုလုပ်ငန်းအတွက် တိုးချဲ့ခေါ်ယူသွားမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းအတွက် ကျား/မ မရွေး ဝင်ရောက်ဖြေဆိုခွင့်ရရှိမည် ဖြစ်ကြောင်းလည်း သိရသည်။

**MT**

✪ **မြန်မာနိုင်ငံမှ**

သင်္ကြန်ကာလအကျော်နှင့် မေလ လဆန်းရက်များတွင် ဖြစ်ပေါ်လာနိုင်သဖြင့် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများတွင် နေထိုင်သူများ သတိထားသင့်ကြောင်း ၎င်းက ဆိုသည်။

ယခုလပိုင်းအတွက်လည်း အချို့နေရာများတွင် လေပြင်းတိုက်ခြင်းနှင့် မိုးသီးကြွေခြင်းအချို့ ဖြစ်ပေါ်ကာ ပျက်စီးမှုအချို့ ရှိခဲ့သည်။ "သတိထားရမယ့်နေရာကတော့ တစ်နိုင်ငံလုံးပါ။ ပိုပြီး သတိထားရမှာက မြန်မာနိုင်ငံ အလယ်ပိုင်း၊ အထက်ပိုင်းပါ။ ဘယ်အချိန်ကာလ ဖြစ်မလဲဆိုတော့ သူက မိုးတိမ်တောင်တွေ အားကောင်းတဲ့အချိန်ဖြစ်တယ်။ တစ်နေကုန် ပူလာပြီးတော့မှ အပူပျံတက် တိမ်တွေကနေ တစ်ဆင့် မိုးတိမ်တောင်တွေဖြစ်ကြတယ်။ အပူလွန်မှုကြောင့် ဖြစ်တာဆိုတော့ ညနေပိုင်းတွေမှာ ဖြစ်ဖို့များတယ်။ ဧပြီ မေမှာ လေထုထဲမှာ ရေခိုးရေငွေ့တွေ ပါဝင်မှုများတဲ့အချိန်က မိုးတိမ်တောင်တွေ ပိုအားကောင်းတဲ့အချိန်၊ သင်္ကြန်ပြီးနောက် မေလဆန်းပါ" ဟု ဦးလှထွန်းက ပြောသည်။

မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကာလဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်နိုင်ကြောင်း သိရသည်။ ထို့ပြင် အယ်လ်နီညိုဖြစ်စဉ်ကြောင့်လည်း အပူချိန်မြင့်တက်နိုင်ပြီး အပူပျံတက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်နိုင်ကာ အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းတိုက်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းရွာခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

အယ်လ်နီညို သက်ရောက်မှုကြောင့် ရာသီဥတုပူပြင်းမှုနှင့်အတူ စိုက်ပျိုးရေနှင့် သောက်သုံးရေ အခက်အခဲများ ဖြစ်ပေါ်လာနိုင်ရာ စိုက်ပျိုးရေများ လေလွင့်ဆုံးရှုံးမှု မဖြစ်စေရန်၊ သက်တမ်းတိုအထွက်ကောင်းစပါးမျိုးများ အသုံးပြုရန်၊ ဒေသနှင့် ကိုက်ညီပြီး ရေလိုအပ်ချက်နည်းသော အထွက်ကောင်းစပါးမျိုးကို ရွေးချယ်စိုက်ပျိုးရန် သက်ဆိုင်ရာက သတိပေးနှိုးဆော်မှုများကို လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း သိရသည်။

**Thit Taw**

# မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား လက်မှတ်ရေးထိုးခဲ့သော ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာအား အကောင်အထည်ဖော်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၉**

မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်(အီးအီးစီ) တို့အကြား ၂၀၂၃ ခုနှစ် ဇွန် ၁၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့သော ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာအား အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးနှင့် ဆက်စပ်အစီအစဉ်များကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ အပိုင်းနှစ်ပိုင်းခွဲ၍ ကျင်းပသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ဦးစွာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ မစ္စတာကလာဘူကော့ဗ် ပါဗယ်လ်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် ဥရောပအာရှစီးပွားရေးကော်မရှင်၊ မေခရိုစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေးဂလေးဇီးယပ်က ဥရောပအာရှစီးပွားရေးကော်မရှင်၏ ပေါင်းစည်းရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့် နည်းပညာ၊ စီးပွားရေး၊ အဖွဲ့အစည်းဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာရှုထောင့်များမှ မဟာဥရောပအာရှ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး ဥရောပအာရှစီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များက မိမိတို့၏ကုမ္ပဏီများအကြောင်းကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံနှင့် ဥရောပအာရှ စီးပွားရေးကော်မရှင်တို့အကြား လက်မှတ်ရေးထိုးခဲ့သော ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာအရ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးကို ကျင်းပသည်။ အစည်းအဝေးသို့ ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဆာဂေး ဂလေးဇီးယပ်နှင့် ကိုယ်စားလှယ်အဖွဲ့က လူကိုယ်တိုင်တက်ရောက်ခဲ့ပြီး ဥရောပအာရှစီးပွားရေးကော်မရှင်၊ စိုက်ပျိုးရေးဆိုင်ရာမူဝါဒဌာန၊ စက်မှုရေးရာမူဝါဒဌာန၊ ပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံဌာန၊ စွမ်းအင်ကုန်သွယ်ရေးဖွံ့ဖြိုးမှုဌာန၊ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးမှုဌာန၊ သတင်းအချက်အလက်နည်းပညာဌာနနှင့် စီးပွားရေးကောင်စီတို့မှ ကိုယ်စားလှယ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။

ပူးတွဲလုပ်ငန်းအဖွဲ့၏ ပူးတွဲဥက္ကဋ္ဌများဖြစ်သည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် မစ္စတာဆာဂေးဂလေးဇီးယပ်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ်အစည်းအဝေးကို မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ပိုမိုထိရောက်မှုရှိစေရန်နှင့် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးပူးပေါင်းမှုများကို ဖော်ထုတ်သတ်မှတ်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာကို ၂၀၂၃ ခုနှစ် ဇွန်လအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ကျင်းပခဲ့သည့် (၂၆)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း။

ဒေသဆိုင်ရာ စီးပွားရေးပူးပေါင်းမှုအခက်အခဲများကို ပေါင်းစည်းညီညွတ်မှုနှင့် ဆက်သွယ်ချိတ်ဆက်မှုတို့ဖြင့် ရင်ဆိုင်ကျော်လွှား၍ စီးပွားရေးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးသမဂ္ဂ(အီးအေအီးယူ) အဖွဲ့ဝင်နိုင်ငံဖြစ်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ အကြား တိုက်ရိုက်လေကြောင်းလိုင်း ပြေးဆွဲနေပြီဖြစ်သည့်အတွက် ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်အဖွဲ့ဝင်နိုင်ငံများနှင့်လည်း ယခုကဲ့သို့ ဆောင်ရွက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ တိုးတက်ရရှိလာမည်**

အစည်းအဝေးတွင် ကဏ္ဍအလိုက် အပြန်အလှန် ဆွေးနွေးမှုများသည် အီးအေအီးယူ အဖွဲ့ဝင်နိုင်ငံများနှင့် မြန်မာနိုင်ငံတို့အကြား အစိုးရအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ တည်ဆောက်နိုင်ရုံသာမက စီးပွားရေးအဆက်အသွယ်ကောင်းများ ထူထောင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများလည်း တိုးတက်ရရှိလာမည်ဟု ယုံကြည်ကြောင်း၊ အစိုးရအနေဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေး၊ ဘိလပ်မြေနှင့် ဓာတ်မြေဩဇာထုတ်လုပ်ရေး၊ သံနှင့်သံမဏိ၊ တန်ဖိုးမြင့်စားသောက်ကုန်များ၊ လျှပ်စစ်ကားနှင့် အခြားထုတ်လုပ်မှုများကို အဓိကဦးစားပေးနယ်ပယ်များအဖြစ် သတ်မှတ်၍ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အစည်းအဝေးသည် မြန်မာနိုင်ငံနှင့် အီးအေအီးယူအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပိုမိုအားကောင်းလာစေရန် အထောက်အကူဖြစ်စေနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မစ္စတာဆာဂေးဂလေးဇီးယပ်က ဥရောပအာရှစီးပွားရေးကော်မရှင်နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီး တစ်နှစ်ကျော်အတွင်း အပြုသဘောဆောင်သော အပြန်အလှန်ဆက်ဆံရေးများ ရရှိခဲ့ကြောင်း၊ ယနေ့ကျင်းပသည့် ပူးတွဲလုပ်ငန်းအဖွဲ့၏ ပထမအကြိမ် အစည်းအဝေးသည် ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာတွင်ပါရှိသော ဦးစားပေးကဏ္ဍများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုတစ်ခု ဖြစ်ကြောင်း၊ ဥရောပအာရှစီးပွားရေးသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများနှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွင် အပြုသဘောဆောင်သည့် လမ်းကြောင်းများ ပေါ်ထွက်လာသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံမှ အစိုးရကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးကျွမ်းကျင်သူများနှင့် လုပ်ငန်းရှင်များကို အတူတကွပူးပေါင်းဆောင်ရွက်ရန်အတွက် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့် ဥရောပအာရှစီးပွားရေးကော်မရှင်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ကဏ္ဍအလိုက် ဆွေးနွေးကြသည်။ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်နှစ်ဦးနှင့် အီးအီးစီမှကိုယ်စားလှယ်နှစ်ဦးတို့က စက်မှုနှင့် စိုက်ပျိုးရေးဆိုင်ရာစက်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံနှင့် အီးအီးစီတို့မှ ကိုယ်စားလှယ်တစ်ဦးစီတို့က ဘဏ္ဍာရေးနှင့် ငွေပေးချေမှုပူးပေါင်းဆောင်ရွက်ရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံနှင့် အီးအီးစီတို့မှ ကိုယ်စားလှယ်တစ်ဦးစီတို့က ပို့ဆောင်ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှု ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်နှစ်ဦးနှင့် အီးအီးစီမှ ကိုယ်စားလှယ်တစ်ဦးတို့က စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံနှင့် အီးအီးစီတို့မှ ကိုယ်စားလှယ်တစ်ဦးစီတို့က ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်နှစ်ဦးနှင့် အီးအီးစီမှ ကိုယ်စားလှယ်တစ်ဦးတို့က ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး ပူးပေါင်းဆောင်ရွက်မှု ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်တစ်ဦးနှင့် အီးအီးစီမှ ကိုယ်စားလှယ်နှစ်ဦးတို့က ပုဂ္ဂလိကစီးပွားရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း အပြန်အလှန် ဆွေးနွေးကြသည်။

ထို့နောက် ပူးတွဲဥက္ကဋ္ဌများက ပထမအကြိမ်အစည်းအဝေး၏ ပူးတွဲထုတ်ပြန်ချက်နှင့် ပူးတွဲလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးကျင်းပမည့်နေ့ရက်နှင့် နေရာတို့ကို အတည်ပြုသည်။

အဆိုပါ အစည်းအဝေးသို့ ကဏ္ဍအလိုက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် ကိုယ်စားလှယ်များ၊ ဥရောပအာရှစီးပွားရေးကော်မရှင်မှ ကိုယ်စားလှယ်များနှင့် ဥရောပအာရှစီးပွားရေးသမဂ္ဂမှ စီးပွားရေးလုပ်ငန်းရှင် ၁၀၀ ကျော် တက်ရောက်သည်။

**သတင်းစဉ်**

# ပင်းတယမြို့နယ်၌ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**ပင်းတယ မေ ၉**

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် မိုင်းလီကျေးရွာအုပ်စု မိုင်းအင်ကျေးရွာရှိ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်း၊ ပင်းတယမြို့နယ်ဦးစီးမှူး ဦးအောင်ကျော်၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် မိုင်းအင်ကျေးရွာတွင် ဆိုလာရေတင်စနစ်ဖြင့် စိုက်ခင်းများ ရေဖြန့်ဝေပေးနိုင်ရန် အရှည်ပေ ၂၅၀၀ ရှိ သုံးလက်မရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆိုလာပန့်တပ်ဆင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မိုင်းအင်ကျေးရွာတွင် အဆိုပါဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၂၆၅ သန်း စုစုပေါင်းရန်ပုံငွေကျပ် ၁၆ ဒသမ ၂၆၅ သန်းကို အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ကွင်းဆင်းကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် စက်တင်ဘာလ ပထမအပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ၂၂



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နေပြည်တော်လမ်းလျှောက်သင်္ကြန် အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဧပြီ ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များ၊ ပြည်သူများအားလုံး ၂၀၂၄ ခုနှစ် မြန်မာရိုးရာအတာသင်္ကြန်ကို ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးအတွက် နေပြည်တော် လမ်းလျှောက်သင်္ကြန်ကို ပျဉ်းမနား - တောင်ညိုလမ်းမပေါ်ရှိ နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်အနီးမှ စည်ပင်ဧည့်ရိပ်သာလမ်းဆုံဧရိယာအထိ ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

နေပြည်တော် လမ်းလျှောက်သင်္ကြန် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် နေပြည်တော် လမ်းလျှောက်သင်္ကြန် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်လမ်းလျှောက်သင်္ကြန်ဧရိယာအတွင်း ဝန်ထမ်းများ၊ မိသားစုများနှင့် ပြည်သူများ စိတ်ပျော်ရွှင်ချမ်းမြေ့စွာ ရေကစားနိုင်ရန်အတွက် ဝန်ကြီးဌာနများအလိုက် မြန်မာ့ရိုးရာမဟာသင်္ကြန်မဏ္ဍပ်များနှင့် တိုင်းရင်းသားရိုးရာ ရေကစားမဏ္ဍပ်များ တည်ဆောက်နေမှု၊ မဏ္ဍပ်များအလိုက် စတုဒိသာကျွေးမွေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်နေမှု၊ တိုင်းရင်းသားသင်္ကြန်၊ စတုဒိသာသင်္ကြန်၊ ဝန်ကြီးဌာနသင်္ကြန်နှင့် လူငယ်သင်္ကြန်တို့တွင် ခေတ်မီအဆင့်အတန်းရှိစွာ လည်ပတ်အပန်းဖြေနိုင်ရန် အဆင်သင့်ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လမ်းလျှောက်သင်္ကြန်ကျင်းပမည့် ဧရိယာအတွင်း မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေးနှင့် ရေပြတ်တောက်မှု မရှိစေရေးကိုလည်း စီမံဆောင်ရွက်ထားရမည် ဖြစ်သကဲ့သို့ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရန်လိုအပ်ကြောင်း၊ ဖွဲ့စည်းပေးထားသည့် ကော်မတီအသီးသီးအနေဖြင့်လည်း မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းများအလိုက် အချိန်မီပြီးစီးစေရေး ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

ယခုနှစ် နေပြည်တော်လမ်းလျှောက်သင်္ကြန်၌ ဝန်ထမ်းများနှင့် ပြည်သူများ ပိုမိုပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန်အတွက် လမ်းလျှောက်သင်္ကြန် ဗဟိုမဏ္ဍပ်ကြီးကို ခမ်းနားစွာ တည်ဆောက်နေပြီး ပြည်တွင်းမှ နိုင်ငံကျော်အနုပညာရှင်များစွာနှင့် ကိုရီးယားနိုင်ငံမှ K-pop အဆိုရှင်များက ပါဝင်သီဆိုဖျော်ဖြေသွားမည်ဖြစ်ကာ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ဉာဏသိဒ္ဓိမိသားစုမဟာသင်္ကြန်ရေကစားမဏ္ဍပ်ကြီးကို တည်ဆောက်၍ လာရောက်လည်ပတ်ကြမည့် ပြည်သူများအား ဖျော်ဖြေရေး အစီအစဉ်များအပြင် စတုဒိသာအကျွေးအမွေးများဖြင့်လည်း ဧည့်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် နေပြည်တော်လမ်းလျှောက်သင်္ကြန်အတွင်း၌ ရုရှား-မြန်မာချစ်ကြည်ရေးအသင်းမဏ္ဍပ်ကိုလည်း တည်ဆောက်လျက်ရှိပြီး ပြည်သူများပျော်ရွှင်စွာ ရေပက်ဖျန်း ပျော်ရွှင်နိုင်စေရန် ရေပန်းပိုက် ၄၀ ကျော် တပ်ဆင်ဆောင်ရွက်လျက်ရှိကာ အမြင့်ခြောက်ပေ၊ အလျား ပေ ၄၀ နှင့် အနံ ပေ ၂၀ ရှိ ဖျော်ဖြေရေးစင်မြင့် ဆောက်လုပ်လျက်ရှိကြောင်း၊ အဆိုပါ စင်မြင့်၌ ရုရှားနိုင်ငံမှ လူငယ်အနုပညာရှင်အဖွဲ့များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ တရုတ်-မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးမဏ္ဍပ်ကို နိုင်ငံတကာအဆင့်မီ ရေကစားမဏ္ဍပ်အဖြစ်တည်ဆောက်လျက်ရှိပြီး စတုဒိသာအစီအစဉ်များလည်း ပါဝင်ကြောင်း သိရသည်။

နေပြည်တော်လမ်းလျှောက်သင်္ကြန်၌ ရေကစားမဏ္ဍပ်ပေါင်း ၂၆ ခု တည်ဆောက်လျက်ရှိပြီး တိုင်းရင်းသားသင်္ကြန်၊ စတုဒိသာသင်္ကြန်၊ ဝန်ကြီးဌာနသင်္ကြန်နှင့် လူငယ်သင်္ကြန်ဟူ၍ ပြည်သူများ ပျော်ရွှင်စွာ ရေပက်ဖျန်းလည်ပတ်နိုင်စေရန် အထူးအစီအစဉ် ကောင်းများဖြင့် ဆောင်ရွက်ထားရှိသည်။

ထို့ပြင် ပြည်သူများ နိုင်ငံတကာအဆင့် ခေတ်မီအဆင့်အတန်းရှိစွာ လမ်းလျှောက်သင်္ကြန်ကို ပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန်အတွက် Zone 1 နှင့် Zone 2 ဟူ၍ ခွဲခြားထားရှိကာ Zone 1 ၌ တိုင်းရင်းသား စတုဒိသာသင်္ကြန်ဟူ၍ စီစဉ်ထားရှိပြီး လာရောက်လည်ပတ်ကြသူများအား Zone 1 Main Entrance အဝင်တွင် စတုဒိသာအကျွေးအမွေးများဖြင့် ဧည့်ခံမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုများကို အခြေခံ၍ တိုင်းရင်းသားသင်္ကြန် ဖန်တီးရေကစားနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမည့်အပြင် တိုင်းရင်းသားကိုယ်စားပြု Photo Booth များနှင့် အမှတ်တရ ဓာတ်ပုံရိုက်ကူးနိုင်ရန် ပြင်ဆင်ဆောင်ရွက်နေကြောင်း သိရသည်။

အလားတူ လမ်းလျှောက်သင်္ကြန် Zone 2 ၌ လူငယ်များနှင့် ကလေးငယ်များအတွက် လူငယ်သင်္ကြန်ဟူ၍ စီစဉ်ဆောင်ရွက်ထားရှိပြီး မိသားစုများ၊ ကလေးငယ်များ၊ လူငယ်များအတွက် နိုင်ငံတကာအဆင့်မီ ရေလွှာလျှောများ၊ Foam Party များ၊ inflatable ကစားစရာရေကန်များ/ ရေလွှာလျှောများဖြင့် ပြင်ဆင်ထည့်သွင်း ဆောင်ရွက်လျက်ရှိကာ လူငယ်များ နှစ်သက်ပျော်ရွှင်ဖွယ်ရာ ဖြစ်စေရန်အတွက်လည်း DJ Performance များဖြင့် ကပြဖျော်ဖြေ၍ နေပြည်တော် လမ်းလျှောက်သင်္ကြန်ပွဲတော်ကြီးအား စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## နေပြည်တော် လမ်းလျှောက်သင်္ကြန်တွင် ပါဝင်ဆင်နွှဲကြမည့် ကိုရီးယားအနုပညာရှင်များ ရန်ကုန်မြို့သို့ရောက်ရှိ

**နေပြည်တော် ဧပြီ ၉**



၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် အခါသမယတွင် မြန်မာ-ကိုရီးယားနှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်နိုင်ရန်နှင့် ပြည်သူများအား ဖျော်ဖြေ တင်ဆက်နိုင်ရန်အတွက် နေပြည်တော် လမ်းလျှောက်သင်္ကြန်တွင် ပါဝင်ဆင်နွှဲကြမည့် ကိုရီးယား K-pop အနုပညာရှင်များ ပထမအဖွဲ့သည် ယနေ့ညပိုင်းက ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

အဆိုပါ ကိုရီးယား K-pop အနုပညာရှင်များ ပထမအဖွဲ့တွင် (ရုပ်ရှင်/ရုပ်သံဇာတ်လမ်းတွဲပေါင်းများစွာ ရိုက်ကူးထားသည့် သရုပ်ဆောင် ဘတ်အွန်းဟီး၊ K-pop အဆိုတော်များ ဖြစ်ကြသည့် Rejen၊ Henny နှင့် 7 Kids Doll Group၊ Astel Dance Group နှင့် DJ-Saemi တို့ အပါအဝင် အနုပညာရှင် ၂၄ ဦးပါဝင်ပြီး ယနေ့ညပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့်အတူ နိုင်ငံခြားဘာသာ တက္ကသိုလ် (ရန်ကုန်)မှ ကိုရီးယား ဘာသာစကားသင်ယူနေကြသည့် ကျောင်းသား ကျောင်းသူများက နှစ်နိုင်ငံအလံများ ဝှေ့ယမ်း၍လည်းကောင်း၊ အနုပညာရှင်များ၏ ဓာတ်ပုံနှင့် အမည်စာတန်းပါ ကားချပ်များ ကိုင်ဆောင်၍လည်းကောင်း၊ ရန်ကုန်အနုပညာ အထက်တန်းကျောင်း (ပန်းတျာကျောင်း)မှ အိုးစည်/ဒိုးပတ်အဖွဲ့မှ အတီးအမှုတ်၊ အကတို့ဖြင့်လည်းကောင်း လှိုက်လှဲ နွေးထွေးစွာကြိုဆိုကြသည်။

အဆိုပါအဖွဲ့သည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ သမ္မတ ဟိုတယ်တွင် တည်းခိုကြမည်ဖြစ်ပြီး ဧပြီ ၁၀ ရက်တွင် နေပြည်တော်သို့ လာရောက်ကြမည်ဖြစ်ကြောင်း၊ ကိုရီးယား K-pop အနုပညာရှင်ငါးဦးပါအဖွဲ့သည် ဧပြီ ၁၁ ရက်တွင်လည်းကောင်း၊ ၁၉ ဦးပါအဖွဲ့သည် ဧပြီ ၁၄ ရက်တွင်လည်းကောင်း အသီးသီးထပ်မံရောက်ရှိကြမည်ဖြစ်ကြောင်းနှင့် ဧပြီ ၁၂ ရက်ညတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တင်ဆက်မည့် Friday Night Live Show တွင်လည်း ကိုရီးယားနာမည်ကျော် တေးသံရှင်များ ပါဝင်ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## မန္တလေးသင်္ကြန်တွင် ခေတ်လေးခေတ်ဝတ်စားဆင်ယင်မှုကို ပုံဖော်ရေကစားမည့် လမ်းလျှောက်သင်္ကြန်ပါဝင်မည်

**မန္တလေး ဧပြီ ၉**

ယခုနှစ်တွင်ကျင်းပမည့် မန္တလေးမဟာသင်္ကြန်ပွဲတော်တွင် ပျော်ရွှင်စွာရေကစားနိုင်ရန်အတွက် ထူးခြားသည့်အစီအစဉ်အဖြစ် ခေတ်လေးခေတ်က ဝတ်စားဆင်ယင်မှုများကို ပုံဖော်ရေကစားမည့် လမ်းလျှောက်သင်္ကြန်ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းလျှောက်သင်္ကြန်ကို ကျုံးတောင်ဘက်ခြမ်း(၂၆ လမ်း၊ ၆၆ လမ်းမှ ၇၁ လမ်းကြားအထိ)တွင် စီစဉ်ထားရှိပြီး ယင်းနေရာတွင် ရေပက်ကစားနိုင်ရန် လောင်းလှေများချထားမည်ဖြစ်သည့်အပြင် ရေပန်းများဖြင့် ရေပက်ဖျန်းပေးရန် စီစဉ်ထားသည်ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူး ဦးတင်ထွန်းဦးက ပြောသည်။

"ကောလိပ်ဂျင်နေဝင်း၊ ဒေစီကျော်ဝင်းတို့ ခေတ်က ပဝါလေးခြုံပြီး နေကာမျက်မှန်နဲ့ ရေကစားမယ်။ ဝင်းဦး၊ ခင်သန်းနုတို့ရဲ့ မောင်တို့ချယ်ရီမြေခေတ်ကို ပုံဖော်တဲ့အနေနဲ့ အဲဒီခေတ်က ဝတ်စားဆင်ယင်မှုဒီဇိုင်းနဲ့ဝတ်ဆင်ရေကစားမယ်။ ဇင်ဝိုင်း၊ မေသန်းနုတို့ရဲ့ သင်္ကြန်မိုးခေတ်မှာ ဆံပင်က ကျစ်ဆံမြီးလေးနဲ့က တစ်ခေတ်ပေါ့။ နောက်ဆုံးက ဒီနေ့ခေတ် ဝတ်စားဆင်ယင်မှုနဲ့ လမ်းလျှောက်သင်္ကြန်မှာ နေရာလေးခုခွဲထားတယ်။ ခေတ်အလိုက် ဝတ်ဆင်ထားသူတွေနဲ့ ဓာတ်ပုံတွဲရိုက်တာ၊ ရေကစားတာတွေ လုပ်လို့ရတယ်"ဟု ၎င်းက ပြောသည်။

ယခုနှစ် မန္တလေးသင်္ကြန်ပွဲတော်တွင် ခေတ်လေးခေတ် ဝတ်စားဆင်ယင်မှုကို ဖော်ကျူးသည့် လမ်းလျှောက်သင်္ကြန်သာမက ၇၃ လမ်းရှိ မင်္ဂလာမန္တလေး၌လည်း လမ်းလျှောက်သင်္ကြန်ပါဝင်မည်ဖြစ်ပြီး Flower Street Zone၊ Water Zone၊ Street Zone၊ Wood Street Zone ဟူ၍ ဇုန်လေးခုခွဲခြား စီစဉ်ထားရာ ပျော်ရွှင်စွာ ရေကစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်အေးချမ်း**

ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းကြားက ရယူအပ်ရာသင်ခန်းစာများ

# စုစည်းညီညွတ်မှုအားသာချက်နှင့် ရွေးကောက်ပွဲအောင်နိုင်ခဲ့သူ ရုရှားနိုင်ငံအတွက် Special One

မြင့်မြတ်

ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံခေါင်းဆောင် အသက် ၇၁ နှစ်ရှိပြီဖြစ်တဲ့ သမ္မတ ဗလာဒီမီယာပူတင်တစ်ယောက် သမ္မတအဖြစ် ၅ ကြိမ်မြောက် ထပ်မံအရွေးချယ်ခံရတာကြောင့် ရုရှားနိုင်ငံနဲ့ ရုရှားပြည်သူတွေကို နောက်ထပ်သက်တမ်း ၆ နှစ် ခေါင်းဆောင်ခွင့်ရခဲ့ပြန်ပါပြီ။ ရုရှားနိုင်ငံတော်နဲ့ ရုရှားပြည်သူတို့ရဲ့ အနာဂတ်အတွက် အထိုက်တန်ဆုံးသော ခေါင်းဆောင်ကောင်းတစ်ဦးကို ရုရှားပြည်သူတို့ မှန်မှန်ကန်ကန် ရွေးချယ်နိုင်ခဲ့တယ်လို့ဆိုရပါမယ်။ အကြောင်းက ယခုလိုကာလမှာ ရုရှားပြည်သူတွေ လျှောက်လှမ်းနေတဲ့ ဖွံ့ဖြိုးမှုလမ်းမဆီကနေ လမ်းမချော်အောင် ပဲ့ကိုင်ပေးနေတဲ့တစ်ဦးတည်းသော ခေါင်းဆောင်အဖြစ် ပူတင်တစ်ဦးတည်းကိုပဲ ရုရှားပြည်သူတွေက မှတ်ယူထားလို့ဖြစ်ပါတယ်။


မတ် ၁၈ ရက်က ရုရှားနိုင်ငံ ရွေးကောက်ပွဲအပြီးတွင် အနိုင်ရရှိသော သမ္မတပူတင်က ပြည်သူများအား မိန့်ခွန်းပြောကြားစဉ်။

## အခက်အခဲအကျပ်အတည်းကြားက ရရှိသော ထောက်ခံမှု

အမေရိကန်နဲ့ အနောက်အုပ်စုတွေကတော့ ထုံးစံအတိုင်း ယခုနှစ် မတ်လ ၁၅ ရက်နေ့ကနေ ၁၈ ရက်နေ့အထိ ကျင်းပပြီးစီးခဲ့တဲ့ ရုရှားရွေးကောက်ပွဲနဲ့ သမ္မတ ပူတင် အနိုင်ရရှိမှုအပေါ် လွတ်လပ်မှုမရှိသော၊ တရားမျှတမှုမရှိသော ရွေးကောက်ပွဲအဖြစ် အမနာပ ဝေဖန်ပြီးရင်း သုံးသပ်ရင်းပါပဲ။ ဒါလည်း မဆန်းပါဘူး။ ကမ္ဘာပေါ်မှာ ဩဇာကြီးမားတဲ့ ခေါင်းဆောင်များအနက်က တစ်ဦးဖြစ်တဲ့ ပူတင်ကို အနောက်အုပ်စုခေါင်းဆောင်တွေက အမြဲလိုလို မလိုမုန်းထားရန်သူအဖြစ် ရှုမြင်ကြခြင်း အကြောင်းရင်းက သူ့ရဲ့ခေါင်းဆောင်မှု၊ ပြည်သူအားလုံး စည်းလုံးညီညွတ်နေမှုနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများအပေါ် မနာလိုဝန်တိုမှုနဲ့အတူ စိုးရိမ်မှုအားကြီးနေလို့ပါပဲ။

အနောက်အုပ်စုဟာ ပူတင်ကို မဟာပြိုင်ဘက် သဖွယ်သဘောထား၊ အကြိမ်ကြိမ် လုပ်ကြံသတ်ဖြတ်ဖို့ကြိုးစားခဲ့ပြီး ရုရှားနိုင်ငံကြီး အင်အားချည့်နဲ့ပျက်စီးအောင် လွှန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ လောက်ကစပြီး ကြိုးပမ်းခဲ့ကြပါတယ်။ သမ္မတပူတင်ကို အာဏာရှင်အဖြစ် သမုတ်ခဲ့ပြီး လူ့အခွင့်အရေးကို ဖောက်ဖျက်သူ၊ အတိုက်အခံတွေကို ထောင်ချဖိနှိပ်သူ၊ အဂတိတရားကြီးမားသူအဖြစ် ပြစ်တင်ဝေဖန်ခဲ့ကြတယ်။ ဒါပေမဲ့ ရုရှားနိုင်ငံတော်ကြီးဟာ မူလလမ်းကြောင်းကနေ ယိမ်းယိုင်မသွားခဲ့တဲ့အပြင် ကမ္ဘာပေါ်မှာ ဩဇာရှိလာတဲ့ စူပါပါဝါနိုင်ငံ၊ အဘက်ဘက်က အင်အားတောင့်တင်းလာတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ဖွံ့ဖြိုးတိုးတက်လာခဲ့ပါပြီ။ ဒီအပြင် ပူတင်ဟာ နိုင်ငံရဲ့ လူ့အဖွဲ့အစည်းအလွှာပေါင်းစုံကို စုစည်းညီညွတ်သော consolidate society တစ်ခုဖြစ်အောင် ဖန်တီးနိုင်ခဲ့ပြီး ထိုစုစည်းမှုအားနဲ့ နိုင်ငံရဲ့ အချုပ်အခြာကို တည်တံ့ခိုင်မြဲအောင်၊ တည်ငြိမ်အေးချမ်းအောင်၊ ရုရှားနိုင်ငံသားတွေရဲ့ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်အောင် လုပ်နိုင်ခဲ့တာတွေ့ရတယ်။

ယခုလို ပူတင်ရဲ့ ခေါင်းဆောင်မှု၊ အားလုံးပါဝင်တဲ့ ညီညွတ်မှုနဲ့ ဖွံ့ဖြိုးမှုကို ဘယ်လိုရလဒ်မျိုးနဲ့ တိုင်းတာနိုင်မလဲဆိုတာ ကြည့်ရအောင်ပါ။ ယခုပြီးစီးခဲ့တဲ့ ရွေးကောက်ပွဲမှာ ဆန္ဒမဲ ၈၇ ဒသမ ၂၈ ရာခိုင်နှုန်းနဲ့ သောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့မှု၊ ၇၇ ရာခိုင်နှုန်းသော ဆန္ဒမဲပေးခဲ့ကြတဲ့ ပြည်သူလူထုကြီးစတဲ့အချက်တွေက ခေါင်းဆောင်ပူတင်နဲ့ ရုရှားပြည်သူတို့ကြား အပြန်အလှန် ယုံကြည်ချက်နဲ့ အနာဂတ်မျှော်လင့်ချက်များဟာ တစ်ထပ်တည်းကျနေကြောင်း သက်သေပြရာရောက်ပါတယ်။

ရွေးကောက်ပွဲမပြုလုပ်ခင် ပူတင်ကို အဝေဖန်ဆုံးသောသူ အဓိကအတိုက်အခံတစ်ဦးဖြစ်တဲ့ အလက်ဆီနယ်ဗဲလ်နီ နိုင်ငံမြောက်ဖျားက အကျဉ်းထောင်တစ်ခုမှာ ရုတ်တရက် သေဆုံးသွားခြင်း၊ ရုရှားသိမ်းပိုက်ထားတဲ့ ယူကရိန်းနယ်မြေတွေမှာ ရုရှားထောက်ခံတဲ့ ဒေသခံတွေကို မဲပေးခွင့်ပြုခြင်း စတဲ့လုပ်ရပ်တွေအပေါ် ဝေဖန်မှုတွေရှိခဲ့ပေမယ့် ယခုလိုပြတ်သားတဲ့မဲအရေအတွက်အရ ရုရှားပြည်သူတွေကိုယ်တိုင်က သူတို့ခေါင်းဆောင်အပေါ် အပြည့်အဝထောက်ခံမှုရှိနေကြောင်း သုံးသပ်နိုင်မှာပါ။ ရုရှားသိမ်းပိုက်ခံ ယူကရိန်းနယ်မြေက ဒေသခံတွေဆိုတာက ရုရှားစကားပြော၊ ရုရှားလူမျိုးတွေဖြစ်ပြီး ယူကရိန်းအစိုးရရဲ့ ဖိနှိပ်မှုကြောင့် နဂိုကတည်းက သူတို့ဟာ ရုရှားဘက်က ဖြစ်ပါတယ်။ ယခုလို အောင်မြင်မှုဟာ ရုရှားနိုင်ငံအပေါ် အနောက်အုပ်စုနိုင်ငံတွေက ဘေးကျပ်နံကျပ်ဖြစ်အောင် ဝိုင်းဝန်းပိတ်ဆို့ဖိနှိပ်ထားတဲ့ အခြေအနေ၊ ယူကရိန်းအပေါ် အထူးစစ်ဆင်ရေးဆင်နွှဲနေတဲ့ နှစ်နှစ်တာကာလရောက်လာတဲ့အခြေအနေ၊ NATO အဖွဲ့ဝင်အများစုပေါင်းပြီး မကြေညာသော တတိယကမ္ဘာစစ်ကို ရုရှားနိုင်ငံတစ်နိုင်ငံတည်းနဲ့ ဆင်နွှဲနေရတဲ့ အခြေအနေများအောက်မှာ ရရှိခဲ့တာဖြစ်တဲ့အတွက် ရုရှားခေါင်းဆောင်နဲ့ ရုရှားပြည်သူတွေအတွက် အလွန်ချိုမြိန်သော အောင်မြင်မှုဖြစ်ခဲ့ပါတယ်။

## တိုးတက်မှုပြကိန်းဂဏန်းများက သက်သေပြနေ

ဒါဆိုရင် ရုရှားခေါင်းဆောင်ပူတင်နဲ့ ပူတင်ရဲ့ ပါတီဟာ များပြားတဲ့အခက်အခဲ အကျပ်အတည်းတွေကြားကနေ ရွေးကောက်ပွဲမှာ ဘာကြောင့် ပြတ်ပြတ်သားသား အနိုင်ရခဲ့ပါသလဲ။ အနိုင်ရမှုရဲ့ နောက်ခံအကြောင်းတရားတွေက ဘာတွေဖြစ်မလဲ။ လေ့လာဆန်းစစ်ကြည့်ဖို့ လိုလာပါတယ်။ ရွေးကောက်ပွဲကို ဆန့်ကျင်တဲ့ ဆန္ဒပြပွဲအချို့ ရှိခဲ့ပေမယ့် အသေးအမွှားတွေလောက်သာဖြစ်ပါတယ်။ ခေါင်းဆောင်ပူတင်က ရွေးကောက်ပွဲအောင်နိုင်အပြီး သူ့ကိုထောက်ခံတဲ့ ပြည်သူလူထုကြီးကို စကားပြောရာမှာ ကျွန်တော်တို့ ပြည်သူအားလုံးအကြားမှာ ရေပက်မဝင်တဲ့ ညီညွတ်မှုသာရှိရင် ဘယ်အရာကမှ ရုရှားကို ကြောက်ရွံ့ထိတ်လန့်အောင် လုပ်နိုင်မှာမဟုတ် ဖိနှိပ်နိုင်မှာမဟုတ်၊ ကျွန်တော်တို့အားလုံးရဲ့ ညီညွတ်မှုအားနဲ့ ရန်သူဟာ အတိတ်မှာ ကျဆုံးခဲ့ကြသလို အနာဂတ်မှာလည်း ကျဆုံးရမှာပဲလို့ အခိုင်အမာပြောခဲ့ပြီး ပြည်သူတွေရဲ့ညီညွတ်မှုအားကို ဘယ်လောက်အရေးထားကြောင်း အသိအမှတ်ပြု အောင်ပွဲခံခဲ့ပါတယ်။

မှန်ပါတယ်။ နေတိုးနဲ့ ယူကရိန်းပြင်ပဖိအားကိုရင်ဆိုင်ရင်း ရုရှားနိုင်ငံကြီးကို တည်ငြိမ်မှုမပျက် ပုံမှန်တိုးတက်အောင်လုပ်နိုင်ခြင်းက ပူတင်ရဲ့ ခေါင်းဆောင်မှုနဲ့အတူ ရုရှားပြည်သူတွေရဲ့ ညီညွတ်မှုအားက အဓိကဖြစ်ကြောင်း သုံးသပ်မိပါတယ်။ ဒီအချက်ကို လူမှုစီးပွားဘဝတိုးတက်မှုပြကိန်းဂဏန်းအချို့နဲ့ ချိန်ထိုးကြည့်နိုင်ပါတယ်။ IMF အစီရင်ခံစာအရ စစ်ဖြစ်နေတဲ့ကြားက နိုင်ငံ GDP သည် ၂၀၂၃ ခုနှစ်အတွင်း ၃ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်သွားပါတယ်။ စီးပွားရေးတိုးတက်မှုက ၂ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ပြီး အလုပ်လက်မဲ့နှုန်းက ထိုးကျသွားပါတယ်။ ငွေကြေးဖောင်းပွမှု ၇ ရာခိုင်နှုန်း ရှိနေစဉ်မှာ လုပ်ခလစာကို တိုးမြှင့်ပေးနိုင်ခဲ့တယ်။ ဆင်းရဲမှုနှုန်းကို ၉ ဒသမ ၈ ရာခိုင်နှုန်းကနေ ၉ ဒသမ ၃ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့တယ်။ စက်မှုနည်းပညာကဏ္ဍနဲ့ အခြေခံအဆောက်အအုံများအတွက် ငွေကိုပိုသုံးနိုင်တဲ့အခါ ရုရှားပြည်သူတွေရဲ့ လူနေမှုအဆင့်အတန်းဟာ အတိုင်းအတာတစ်ခုအထိ တိုးတက်လာတာ တွေ့ရတယ်။ ကလေးမွေးဖွားနှုန်းကအစ တိုးတက်မှုရှိလာတယ်။ ရုရှားလူငယ်တွေကိုယ်တိုင် ကမ္ဘာသစ်တစ်ခုဆီ ရောက်ရှိသွားသလို စိတ်ဓာတ်ခွန်အားအသစ်တွေ ရလာတယ်လို့ ဆိုပါတယ်။ အရေးကြီးတဲ့ တိုးတက်မှုတစ်ခုက နိုင်ငံရဲ့ကြွယ်ဝလာတဲ့ ဓနအင်အားကို ပြည်သူလူထုကြီးထံ ချမ်းသာဆင်းရဲကြား မျှတစွာနဲ့ အညီအမျှ ဖြန့်ဝေနိုင်ခဲ့ခြင်းပါပဲ။

## ရဲဝံ့ပြတ်သားပြီး မျိုးချစ်စိတ်နိုင်ငံချစ်စိတ်ရှိသူ

ပူတင်ဟာ သူ့နိုင်ငံနဲ့သူ့ပြည်သူအတွက် အကျိုးမပြု၊ အကျိုးမရှိတဲ့ မည်သည့်စကား မည်သည့်အပြုအမူမျိုးကိုမျှ ခွင့်ပြုလေ့မရှိပါဘူး။ နိုင်ငံအတွက်ကောင်းမယ်ထင်ရင် လုပ်စရာရှိတာကို ပြတ်ပြတ်သားသား လုပ်လေ့ရှိပါတယ်။ နိုင်ငံရေး၊ စီးပွားရေး အပြောင်းအလဲလုပ်ဖို့ လိုအပ်ရင် တွေဝေမနေ ယုံကြည်ချက်အပြည့်နဲ့ ရဲရဲဝံ့ဝံ့လုပ်တတ်တဲ့သဘောရှိပါတယ်။ ဆုံးဖြတ်ချက်ကို မှန်မှန်ကန်ကန်ချပြီး ပြဿနာကိုဖြေရှင်းနိုင်စွမ်းရှိတဲ့ ခေါင်းဆောင်လည်းဖြစ်တယ်။

သာဓကအနေနဲ့ ခွဲထွက်ဖို့ကြိုးစားတဲ့ ချေချင်ညာတွေကို စစ်ဆင်နွှဲအောင်မြင်ခဲ့တာ၊ ဂျော်ဂျီယာနဲ့ဖြစ်တဲ့စစ်နဲ့ ကရိုင်းမီးယားကို ရုရှားလက်အောက်ပြန်ရောက်အောင် လုပ်နိုင်ခဲ့တာတွေ၊ ဆီးရီးယားပြည်တွင်းစစ်မှာ ပြုတ်ကျလုနီး ဆီးရီးယားအစိုးရကို ကယ်တင်ပေးနိုင်ခဲ့တာတွေက နမူနာပါပဲ။ အနောက်အုပ်စုခေါင်းဆောင်တွေဟာ ရုရှားခေါင်းဆောင်အပေါ် အမြဲလျှော့တွက်လေ့ရှိကြတယ်။ သူတို့အမြင်မှားယွင်းကြောင်း ယူကရိန်းအပေါ် ဆင်နွှဲနေတဲ့ နှစ်နှစ်ကြာ ရုရှားရဲ့အထူးစစ်ဆင်ရေး စွမ်းဆောင်ချက်ရလဒ်တွေနဲ့ အနောက်အုပ်စုရဲ့ ပိတ်ဆို့အရေးယူမှုများအပေါ် ရုန်းထွက်နိုင်မှုက သက်သေပြနေပါတယ်။

"မှန်ပါတယ်။ နေတိုးနဲ့ ယူကရိန်း ပြင်ပဖိအားကိုရင်ဆိုင်ရင်း ရုရှားနိုင်ငံကြီးကို တည်ငြိမ်မှုမပျက် ပုံမှန်တိုးတက်အောင် လုပ်နိုင်ခြင်းက ပူတင်ရဲ့ ခေါင်းဆောင်မှုနဲ့အတူ ရုရှားပြည်သူတွေရဲ့ ညီညွတ်မှုအားက အဓိကဖြစ်ကြောင်း သုံးသပ်မိပါတယ်။ ဒီအချက်ကို လူမှုစီးပွားဘဝတိုးတက်မှုပြ ကိန်းဂဏန်းအချို့နဲ့ ချိန်ထိုးကြည့်နိုင်ပါတယ်။ IMF အစီရင်ခံစာအရ စစ်ဖြစ်နေတဲ့ကြားက နိုင်ငံ GDP သည် ၂၀၂၃ ခုနှစ်အတွင်း ၃ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်သွားပါတယ်။ စီးပွားရေးတိုးတက်မှုက ၂ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ပြီး အလုပ်လက်မဲ့နှုန်းက ထိုးကျသွားပါတယ်။ ငွေကြေးဖောင်းပွမှု ၇ ရာခိုင်နှုန်းရှိနေစဉ်မှာ လုပ်ခလစာကို တိုးမြှင့်ပေးနိုင်ခဲ့တယ်။ ဆင်းရဲမှုနှုန်းကို ၉ ဒသမ ၈ ရာခိုင်နှုန်းကနေ ၉ ဒသမ ၃ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့တယ်။ စက်မှုနည်းပညာကဏ္ဍနဲ့ အခြေခံအဆောက်အအုံများအတွက် ငွေကိုပိုသုံးနိုင်တဲ့အခါ ရုရှားပြည်သူတွေရဲ့ လူနေမှုအဆင့်အတန်းဟာ အတိုင်းအတာတစ်ခုအထိ တိုးတက်လာတာ တွေ့ရတယ်။ ကလေးမွေးဖွားနှုန်းကအစ တိုးတက်မှုရှိလာတယ်။ ရုရှားလူငယ်တွေကိုယ်တိုင် ကမ္ဘာသစ်တစ်ခုဆီ ရောက်ရှိသွားသလို စိတ်ဓာတ်ခွန်အားအသစ်တွေ ရလာတယ်လို့ ဆိုပါတယ်။ အရေးကြီးတဲ့ တိုးတက်မှုတစ်ခုက နိုင်ငံရဲ့ကြွယ်ဝလာတဲ့ ဓနအင်အားကို ပြည်သူလူထုကြီးထံ ချမ်းသာဆင်းရဲကြား မျှတစွာနဲ့ အညီအမျှ ဖြန့်ဝေနိုင်ခဲ့ခြင်းပါပဲ"

စာမျက်နှာ ၇ သို့

# KG +12 စနစ်သစ်နှင့် လိုက်လျောညီထွေမည့် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ



နေပြည်တော် ဧပြီ ၉

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် KG+12 စနစ်သစ်နှင့် လိုက်လျောညီထွေမည့် သင်ရိုးညွှန်းတမ်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၉ နာရီတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နည်းပညာမြင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက Student Information Management System ဆိုင်ရာကိစ္စရပ်များ၊ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များမှ အထူးပြုဘာသာရပ်များအလိုက် အုပ်စုဖွဲ့ဆွေးနွေးထားရှိမှုများကို ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများက ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက KG+12 စနစ်သစ်နှင့် လိုက်လျောညီထွေမည့် နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်းဆိုင်ရာ ဆွေးနွေးမှုများ၊ ညှိနှိုင်းဆောင်ရွက်မှုများဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး သင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန် Credit စနစ်များ၊ အရည်အသွေးအာမခံမှုစနစ်များနှင့်အညီ ရေးဆွဲရန်လိုအပ်ပါကြောင်း၊ ကျောင်းသားကျောင်းသူများ အမှန်တကယ်ကျွမ်းကျင်တတ်မြောက်မှုကို အဓိကထားရေးဆွဲစေလိုပါကြောင်း၊ အတတ်ပညာနှင့် အသိပညာတိုးတက်ရေးအတွက်သာမက စိတ်ဓာတ်ကြံ့ခိုင်ဖွံ့ဖြိုးတိုးတက်လာရန် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက အကြံပြုဆွေးနွေးတင်ပြ၍ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများက KG+12 စနစ်သစ်နှင့် လိုက်လျောညီထွေဖြစ်သော သင်ရိုးညွှန်းတမ်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ အသေးစိတ်တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မင်းကင်းမြို့နယ်၌ အခြေခံစာတတ်မြောက်ရေးသင်တန်းဖွင့်ပွဲ ကျင်းပ

မင်းကင်း ဧပြီ ၉

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်တွင် အခြေခံစာတတ်မြောက်ရေး သင်တန်းဖွင့်ပွဲကို ယမန်နေ့မွန်းလွဲ ၁ နာရီက မင်းကင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မင်းရာဇာခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းက အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူးရုံးမှ ခေတ္တတာဝန်ခံ ပညာရေးမှူး ဦးသိန်းငွေက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များက သင်တန်းသား သင်တန်းသူများအား စာသင်ဝိုင်းတွင်လိုအပ်မည့် သင်ထောက်ကူ ပစ္စည်းများကို နည်းပြဆရာ ဆရာမများထံသို့ ပေးအပ်၍ သင်ကြားပြသမှုကို အားပေးကြည့်ရှုခဲ့ရာ သင်တန်းသား သင်တန်းသူများအား ဗလာစာအုပ်နှင့် ဘောပင်များထောက်ပံ့ပေးအပ်သည်။ အဆိုပါသင်တန်းသို့ မူလတန်းပညာ မသင်ကြားခဲ့ရသူများအား စာသင်ဝိုင်း ၁၃ ခုတွင် နည်းပြဆရာ ဆရာမများက ဧပြီ ၈ ရက်မှ မေ ၁၅ ရက်ထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



● စာမျက်နှာ ၆ မှ

နိုင်ငံတကာကိုကြည့်ရင် ခေါင်းဆောင်များစွာမှာ မိမိနိုင်ငံကို ဦးဆောင်မှုပေးပြီး အောင်မြင်အောင် လုပ်နိုင်တဲ့ အရည်အသွေးကိုယ်စီရှိပြီး ဖြစ်ပါတယ်။ ကျန်းကျန်းမာမာနဲ့ ပါဝါကို နှစ်ပေါင်းကြာရှည် ဆုပ်ကိုင်ထားနိုင်တဲ့ ပူတင်လို ပေါ်ပြူလာဖြစ်တဲ့ ခေါင်းဆောင်မျိုးကတော့ ရှားပါတယ်။ အဘက်ဘက်မှာ ပြိုကွဲနိမ့်ပါးနေတဲ့နိုင်ငံကို ကမ္ဘာ့အင်အားကြီးနိုင်ငံပြန်ဖြစ်လာအောင် စွမ်းဆောင်နိုင်မှုမျိုးဟာ အလွန်အတုယူစရာကောင်းပါတယ်။ ကမ္ဘာကျော် ကေဂျီဘီထောက်လှမ်းရေး ဗိုလ်မှူးကြီးဘဝကနေ အုပ်ချုပ်ရေးဘက် ရောက်လာသူတစ်ယောက်ရဲ့ စစ်ဘက်နယ်ဘက် အတွေ့အကြုံတွေဟာ နိုင်ငံကို တိုးတက်စေရာမှာ အဓိကဖြစ်တယ်ဆိုတာတွေ့ရတယ်။

မတူကွဲပြားခြားနားမှုများစွာရှိနေတဲ့၊ ရန်သူပတ်လည်အဝိုင်းခံနေရတဲ့ နိုင်ငံတစ်နိုင်ငံကို ဦးဆောင်နိုင်ဖို့ဆိုတာ အလုံးစုံသော ဖိအားဒဏ်ခံနိုင်တဲ့ ခေါင်းဆောင်ဖြစ်ရမယ့်အပြင် နိုင်ငံချစ်စိတ် မျိုးချစ်စိတ်ရှိဖို့လည်း အထူးလိုအပ်ပါတယ်။ ဘာသာတရားကို အထူးလေးစားလိုက်နာခြင်းက အောင်မြင်မှုအတွက် အထောက်အပံ့ကောင်းဖြစ်တယ်ဆိုတာ တွေ့ရတယ်။ ရုရှားခေါင်းဆောင်ဟာ စစ်ဘက်မှာ တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး နိုင်ငံပြိုကွဲရခြင်းအကြောင်းတရားကို အထူးသိရှိထားသူဖြစ်တဲ့အလျောက် နိုင်ငံနဲ့လူမျိုးအပေါ် သစ္စာရှိမှုမှာ စိုးစဉ်းမျှ အငြင်းပွားဖွယ်ရာ မရှိနိုင်ပါဘူး။ နိုင်ငံကို ခေါင်းဆောင်ပြီဆိုရင် အောင်မြင်မှုအားလုံးရဲ့ သော့ချက်ဖြစ်တဲ့ ထိုအခြေခံအချက်တွေက အင်မတန်အရေးကြီးကြောင်း တွေ့ရပါတယ်။

**"မတူကွဲပြားခြားနားမှုများစွာရှိနေတဲ့၊ ရန်သူပတ်လည်အဝိုင်းခံနေရတဲ့ နိုင်ငံတစ်နိုင်ငံကို ဦးဆောင်နိုင်ဖို့ဆိုတာ အလုံးစုံသော ဖိအားဒဏ်ခံနိုင်တဲ့ ခေါင်းဆောင်ဖြစ်ရမယ့်အပြင် နိုင်ငံချစ်စိတ် မျိုးချစ်စိတ်ရှိဖို့လည်း အထူးလိုအပ်ပါတယ်။ ဘာသာတရားကို အထူးလေးစားလိုက်နာခြင်းက အောင်မြင်မှုအတွက် အထောက်အပံ့ကောင်းဖြစ်တယ်ဆိုတာ တွေ့ရတယ်။ ရုရှားခေါင်းဆောင်ဟာ စစ်ဘက်မှာ တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး နိုင်ငံပြိုကွဲရခြင်းအကြောင်းတရားကို အထူးသိရှိထားသူဖြစ်တဲ့အလျောက် နိုင်ငံနဲ့လူမျိုးအပေါ် သစ္စာရှိမှုမှာ စိုးစဉ်းမျှ အငြင်းပွားဖွယ်ရာ မရှိနိုင်ပါဘူး။ နိုင်ငံကို ခေါင်းဆောင်ပြီဆိုရင် အောင်မြင်မှုအားလုံးရဲ့ သော့ချက်ဖြစ်တဲ့ ထိုအခြေခံအချက်တွေက အင်မတန်အရေးကြီးကြောင်း တွေ့ရပါတယ်"**

ဒါ့အပြင် သမ္မတပူတင်ဟာ သူ့ရဲ့အနာဂတ်အမြင်ကို ပြည်သူတွေရဲ့ မျှော်လင့်ချက်နဲ့ တစ်ထပ်တည်းကျအောင် လုပ်နိုင်စွမ်းရှိပြီး သူ့ပြည်သူတွေအပေါ် အချိန်ပြည့်လွှမ်းမိုးနိုင်စွမ်းရှိတဲ့အတွက် ပတ်ဝန်းကျင်က သူ့လူတွေအပေါ်မှာ ကောင်းစွာထိန်းချုပ်နိုင်တဲ့ ခေါင်းဆောင်တစ်ဦး ဖြစ်လာခဲ့ပါတယ်။ ဒါကြောင့် ပညာဉာဏ်ပြည့်ဝပြီး အမြော်အမြင်ရှိတဲ့ ပြည်သူတွေရဲ့ ထောက်ခံမှုနဲ့ ပူးပေါင်းပါဝင်မှုကို ရယူနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဒါဆိုရင် ပြည်သူတွေဘက်ကရော... သူတို့မှာလည်း ခေါင်းဆောင်ကောင်းကို ရွေးချယ်နိုင်တဲ့ အရည်အချင်းတွေ ပြည့်ဝနေလို့ ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်မှာ လူသန်းပေါင်း ၂၇ သန်းလောက် သေဆုံးခဲ့ရတဲ့ စစ်ရဲ့အနိဋ္ဌာရုံတွေကို ကောင်းကောင်းသိပြီးကြားပြီး ဖြစ်တဲ့ အသိဉာဏ်လည်းရှိ၊ မျိုးချစ်စိတ်နဲ့လည်း မကင်းကွာတဲ့ နိုင်ငံသားတွေဟာ သူတို့ရဲ့အချုပ်အခြာနဲ့ ရုရှားစံတန်ဖိုးတွေကို ကောင်းစွာကာကွယ်စောင့်ရှောက်ပေးနိုင်တဲ့ ခေါင်းဆောင်မျိုးကို မှန်မှန်ကန်ကန်ရွေးချယ်နိုင်ခဲ့တယ်လို့သာ သုံးသပ်ရပါမယ်။

ဒါကြောင့်လည်း သမ္မတပူတင်ရဲ့ခေါင်းဆောင်မှုအောက်မှာ ရုရှားပြည်သူတွေဟာ ပိုပြီး လုံခြုံလာသလို ခံစားလာရတယ်။ လူငယ်တွေရဲ့အနာဂတ်မှာ မျှော်လင့်ချက်တွေရှိလာတယ်။ ဒီရလဒ်ဟာ အစိုးရနဲ့ပြည်သူညီညွတ်မှုကြောင့်ဖြစ်ပြီး လက်ရှိရောက်နေတဲ့ အဆင့်တစ်ခုကနေ အနာဂတ်ရုရှားနိုင်ငံတော်ကြီးဟာ ဆက်လက်ရှင်သန်ဖွံ့ဖြိုးတိုးတက်နေမှာပဲဆိုတဲ့ သေချာရေရာမှုများရှိနေကြောင်း ရုရှားပြည်သူများနဲ့အတူ အကောင်းမြင်မိပါတယ်။ နိုင်ငံကို ဦးဆောင်မှုကောင်းကောင်းပေးနိုင်တဲ့ ခံ့ညားတဲ့ ခေါင်းဆောင်ကြောင့် သူ့ပြည်သူတွေက သူ့ကို ကြိုက်နှစ်သက်ကြတဲ့အပြင် ကမ္ဘာမှာလည်း ဩဇာလွှမ်းမိုးမှုရှိတဲ့ မိမိတို့ရဲ့ခေါင်းဆောင်တစ်ဦးအဖြစ် အားကျဂုဏ်ယူကြဟန်တူပါတယ်။ သမ္မတပူတင်အနေနဲ့လည်း သူ့ပြည်သူတွေကို ဆေးရုံများ ပြန်လည်ဆန်းသစ်ခြင်းအပါအဝင် အခြေခံအဆောက်အအုံတွေအတွက် ၄ ဒသမ ၅ ထရီလီယံရူဘယ်လ်(အမေရိကန်ဒေါ်လာ ၄၉ ဘီလီယံ) အထိ ငွေကို ပိုသုံးပေးမယ့်အကြောင်း၊ အခွန်စနစ်ကို ပြောင်းလဲမယ့်အကြောင်းတိကျတဲ့ကတိကဝတ်များ ပေးပြီးခဲ့ပါပြီ။

ကလေးမွေးဖွားနှုန်းကို ဆက်လက်တိုးတက်အောင်လုပ်ပြီး နိုင်ငံသားတွေရဲ့ ပျမ်းမျှလူ့သက်တမ်းကို တိုးတက်အောင်လုပ်ပါလိမ့်မယ်။ ဒါကြောင့် ဒီလမ်းစဉ်အောက်မှာ ဒီလို ခေါင်းဆောင်နဲ့ ဒီပြည်သူတွေဟာ အမေရိကန်နဲ့အနောက်အုပ်စုရဲ့ ဘယ်လိုဖိနှိပ်ဆန့်ကျင်မှုမျိုးပဲဖြစ်ဖြစ် ရင်ဆိုင်နိုင်မှာ သေချာတယ်လို့ ယူဆပါတယ်။ အဓိကအချက်က အချို့က အာဏာရှင်လို သတ်မှတ်ထားတဲ့ ခေါင်းဆောင်တွေဟာ ပြည်တွင်းပြည်ပ ဖိအားမျိုးစုံရှိတဲ့ကြားကနေ သူ့နိုင်ငံရဲ့လူမှုစီးပွားဘဝတိုးတက်အောင် ဘယ်လိုလုပ်သွားသလဲဆိုတာ လေ့လာနေဖို့ပါ။ ရုရှားခေါင်းဆောင်ဟာ ရုရှားလူငယ်တွေအတွက် အားကျဂုဏ်ယူဖွယ် စံပြပုဂ္ဂိုလ်ဖြစ်နေသလို ကျွန်တော်တို့နိုင်ငံက အနာဂတ်မျိုးဆက်တွေအတွက်လည်း သူ့လိုလူကို နမူနာယူနိုင်ရပါမယ်။

**သူ့နိုင်ငံကို တည်ငြိမ်အောင်လုပ်ထားနိုင်သူဟာ ကမ္ဘာကြီးငြိမ်းချမ်းအောင်လည်း ဆောင်ကြဉ်းပေးနိုင်မယ်လို့ ကျွန်တော်ကတော့ ယုံကြည်တယ်။ လူတွေ ရှင်သန်နိုးကြားတက်ကြွနေဖို့ တည်ငြိမ်မှုရဖို့နဲ့ လူ့အဖွဲ့အစည်းကြွယ်ဝတိုးတက်မှုမှာ ဒီမိုကရေစီက အရေးကြီးသလား၊ ဒါမှမဟုတ် နိုင်ငံရေးစနစ်တစ်ခုခုက အဓိကကျနေသလား။ သမ္မတကြီး ပူတင်ပေးတဲ့ သင်ခန်းစာအရတော့ လူတစ်ဦးချင်းရဲ့ ကိုယ်ရည်ကိုယ်သွေးနဲ့ စေတနာပညာဉာဏ်ပါတဲ့ ခေါင်းဆောင်မှုစွမ်းဆောင်ရည်ကသာ အဓိကဖြစ်ပြီး ပြည်သူနဲ့ မိမိလုပ်ဖော်ကိုင်ဖက်များထံမှ ယုံကြည်မှုကို ရယူချင်ရင် ထိုအရည်အသွေးများကသာ အရေးပါသောနေရာမှာ ရှိနေရမှာဖြစ်ပါကြောင်း မှတ်ချက်ပြုလိုက်ရပါတယ်။** ။

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းဆိုင်ရာ တွေ့ဆုံပွဲတက်ရောက်

**နေပြည်တော် မေ ၉**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းဆိုင်ရာ တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီက ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီ ဇမ္ဗူသီရိ ခန်းမဥကျင်းပရာ အခမ်းအနားသို့ ဗဟိုသန်းခေါင်စာရင်း ကော်မရှင် ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ နေပြည်တော် သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာ မျိုးသန့်၊ နေပြည်တော် သန်းခေါင်စာရင်း ကြီးကြပ်မှု ကော်မတီ အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီနှင့် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။






### ရှင်းလင်းပြောကြား

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်းဆိုသည်မှာ လူဦးရေဆိုင်ရာ အကြောင်းအရာ၊ စီးပွားရေး၊ လူမှုရေးအကြောင်း အရာများကို တစ်နိုင်ငံလုံး (သို့မဟုတ်) သတ်မှတ်နယ်မြေ ဒေသတစ်ခုအတွင်း၌ ရှိသည့် လူတိုင်းကို တစ်ကြိမ်တည်း၊ တစ်ပြိုင်တည်း ကောက်ယူသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူခြင်းကြောင့် နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းများအတွက် ခိုင်လုံသော အခြေခံစာရင်းအင်းကိန်းဂဏန်းများ ရရှိစေခြင်း၊ နောင်လာမည့် နှစ်များအတွက် စီမံကိန်းများ ရေးဆွဲရာတွင် ပိုမိုတိကျမှုရှိစေရန် ခိုင်လုံသော ခန့်မှန်းလူဦးရေများ တွက်ချက်ပေးနိုင်ခြင်း၊ ယခင်ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းများနှင့် ယခုကောက်ယူခဲ့သည့် သန်းခေါင်စာရင်းမှ ရရှိလာသည့် အချက်အလက်များကို နှိုင်းယှဉ်ဆန်းစစ်လေ့လာနိုင်ခြင်း၊ လူမှုရေး၊ စီးပွားရေးနှင့် အခြားနမူနာကောက်စစ်တမ်းများအတွက် အခြေခံစာရင်းအင်းများရရှိနိုင်ခြင်း၊ မဲဆန္ဒရှင်စာရင်း ခန့်မှန်းရရှိနိုင်ခြင်း၊ လူဦးရေ ပျံ့နှံ့မှုနှင့် နိုင်ငံသား၊ နိုင်ငံခြားသား စိစစ်ခြင်းလုပ်ငန်းများ၊ နိုင်ငံတကာလူဦးရေစာရင်းများတွင် မှန်ကန်စွာနှိုင်းယှဉ်နိုင်ခြင်း၊ နိုင်ငံတော်၏ လူဦးရေမူဝါဒ ရေးဆွဲရေးတွင် အထောက်အကူပြုနိုင်ခြင်း၊ သက်ဆိုင်ရာဒေသအလိုက် လိုအပ်မည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် တွက်ချက်နိုင်ခြင်း စသည်တို့ကို အကျိုးရှိရှိ အသုံးပြုဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ကမ္ဘာ့နိုင်ငံအများစုတွင် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၁၀ နှစ်လျှင် တစ်ကြိမ် ကောက်ယူလေ့ရှိပြီး မိမိတို့နိုင်ငံအနေဖြင့်လည်း ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ်အဆင့် ဆောင်ရွက်ပြီးနောက် ၁၀ နှစ်အကြာ ၂၀၂၄ ခုနှစ်တွင် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို စီမံဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြား ကာလများတွင် မိမိတို့နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှု၊ အကြမ်းဖက် အဖွဲ့အစည်းများ၏ အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် ပြည်တွင်း/ ပြည်ပသို့ ရွှေ့ပြောင်းသွားလာမှုများရှိသည့်အတွက် လူဦးရေဆိုင်ရာ ပြောင်းလဲမှုဖြစ်စဉ်များ မလွဲမသွေ ဖြစ်ပေါ်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြား မြန်မာနိုင်ငံ၏ လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ ပြောင်းလဲမှုများကို နှိုင်းယှဉ်လေ့လာ သုတေသနပြုပြီး လိုအပ်သည့် မူဝါဒ၊ စီမံကိန်းများ ချမှတ်ရန်အတွက် ၂၀၂၄ ခုနှစ်တွင် သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းကို မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း။

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်/ မြို့နယ်/ ရပ်ကွက်/ ကျေးရွာအုပ်စု စသည်တို့ကို အခြေခံ၍ ၂၀၂၄ ခုနှစ်တွင် ရှိလာမည့် ခန့်မှန်းလူဦးရေ ၅၆ သန်းကျော်နှင့် ခန့်မှန်းအိမ်ထောင်စု အရေအတွက် ၁၃ သန်းခန့်ကို အခြေခံ တွက်ချက်ထားပါကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် မြေပြင်ကွင်းဆင်း ရေးဆွဲမှုအရ သန်းခေါင်စာရင်းယူနစ် (Census Unit) ၈၀၀၀၀ ခန့် ရှိပြီး စာရင်းကောက်ကွက်ပေါင်း ၁၁၀၀၀၀ ခန့် ရှိမည်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူရာတွင် စာရင်းစစ်၊ စာရင်းကောက် စုစုပေါင်း ၄၂၀၀၀ ခန့်ဖြင့် ကောက်ယူဆောင်ရွက်ရန် လျာထားပြီး နေပြည်တော် ကောင်စီအနေဖြင့် စာရင်းစစ်၊ စာရင်းကောက် စုစုပေါင်း ၁၀၉၄ ဦး ခန့်ထားဆောင်ရွက်ရန် လျာထားပါကြောင်း၊ စာရင်းကောက်ယူရာတွင် တွေ့ရှိရာအရပ်၌ ကောက်ယူသည့်မှု (De Facto) ဖြင့် အသုံးပြုမည် ဖြစ်ပြီး စာရင်းကောက်များက Tablet များအသုံးပြု၍ ကွန်ပျူတာအထောက်အကူပြု လူတစ်ဦးချင်းကောက်ယူသည့်စနစ် (Computer Assisted Personal Interviews–CAPI) ဖြင့်ကောက်ယူ ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ စာရင်းကောက်ယူခြင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ရက်မှ ၁၅ ရက်အထိ ၁၅ ရက်ကြာ ပြည်လုံးကျွတ်အဆင့် ဆောင်ရွက်မည်ဖြစ်ပြီး သန်းခေါင်စာရင်း ရည်ညွှန်းချိန်မှာ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ ရက် ညသန်းခေါင်ယံအချိန်ဖြစ်ပြီး အိမ်ထောင်စု မေးခွန်းပုံစံအတွက် မေးခွန်း ၆၈ ခု၊ အဖွဲ့အစည်း မေးခွန်းပုံစံအတွက် မေးခွန်း ၁၈ ခုကို မေးမြန်းကောက်ယူမည် ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူရာတွင် Tablet များအသုံးပြု၍ CAPI စနစ်ဖြင့် ကောက်ယူသည့်အတွက် မေးမြန်းကောက်ယူထားသည့် အချက်အလက်များအား အချိန်တိုအတွင်း နေပြည်တော်ရုံးချုပ်ရှိ Server သို့ပေးပို့နိုင်ပြီး အားလုံးကောက်ယူပြီးစီးသည်နှင့် လူဦးရေဆိုင်ရာ အချက်အလက်များကို အမြန်ဆုံး ထုတ်ပြန်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း၏ ရှေ့ပြေးလူဦးရေစာရင်းကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလကုန်တွင် ထုတ်ပြန်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပြည်လုံးကျွတ် သန်းခေါင်စာရင်းအတွက် စာရင်းစစ်၊ စာရင်းကောက် နည်းပြသင်တန်းနှင့် ဆင့်ပွားသင်တန်း အဆင့်ဆင့်ကို ၂၀၂၄ ခုနှစ် ဩဂုတ်လမှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဗဟိုအဆင့် နည်းပြသင်တန်းကို နေပြည်တော်တွင်လည်းကောင်း၊ အထူးနည်းပြသင်တန်းကို နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် လည်းကောင်း၊ ခရိုင်နည်းပြသင်တန်းကို ခရိုင်အဆင့် ၁၂၆ နေရာတွင် လည်းကောင်း၊ စာရင်းစစ်၊ စာရင်းကောက်သင်တန်းကို မြို့နယ်အဆင့်နေရာ ၉၀၀ ခန့်တို့တွင် လည်းကောင်း ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်သည့် လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်း အချက်အလက်များ ရရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းနှင့်ပတ်သက်၍ ကော်မတီအဆင့်ဆင့်ဖွဲ့စည်းထားရှိမှု၊ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

### ဆွေးနွေးတင်ပြ

ဆက်လက်၍ ပြည်သူ့အင်အား ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်စိုးက လူဦးရေ၏အခန်းကဏ္ဍ၊ သန်းခေါင်စာရင်းကောက်ယူခြင်းမှရရှိနိုင်မည့် အချက်အလက်များ၊ လူဦးရေပြောင်းလဲမှုဖြစ်စဉ်၏ အရေးပါမှု၊ သန်းခေါင်စာရင်းအချက်အလက်များမှ ဖော်ထုတ်ချက်အကျဉ်းချုပ်တို့ကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ နေပြည်တော် သန်းခေါင်စာရင်း ကော်မတီ ဥက္ကဋ္ဌ ဦးတင်မောင်ဆွေက လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးကျော်မြင့် မအူပင်မြို့ပေါ်ရှိ ရဲစခန်းအချုပ်ခန်းများ၊ တရားရုံးအချုပ်ခန်းများနှင့် မအူပင်ဘိုးဘွားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၉**

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးကျော်မြင့်တို့ ဦးဆောင်သောအဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ရှိ မြို့မရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် မအူပင်ဘိုးဘွားရိပ်သာများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာကော်မရှင်အဖွဲ့ဝင်များသည် ရီမန်ကာလအခြေအနေ၊ အမှုစစ်ဆေးစဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ၊ မရှိ၊ မိသားစုနှင့် တွေ့ဆုံနိုင်မှုအခြေအနေ၊ တရားရုံးတွင်အမှုရင်ဆိုင်ရန် ရုံးထုတ်အချိန်အတွင်း စားသောက်ရမှု အခြေအနေ၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှုနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှု ရှိ၊ မရှိ၊ အကျိုးဆောင်ရှေ့နေနှင့် တွေ့ဆုံခွင့်ရရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကော်မရှင်ဝင်များသည် မအူပင်ဘိုးဘွားရိပ်သာ၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများကို အိပ်ဆောင်များတွင် သွားရောက်တွေ့ဆုံပြီး ဘိုးဘွားများကို ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ အစားအစာနှင့် အာဟာရဖြည့်ဆည်းကျွေးမွေးမှု ၊ သန့်ရှင်းသော သောက်ရေနှင့်သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှုအခြေအနေ၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်မှု၊ ဘိုးဘွားအိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များ၊ ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဘိုးဘွားများ အနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



ယင်းအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များ ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာနည်းလမ်းများနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

နေပြည်တော် မေ ၉




လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များ ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာ နည်းလမ်းများနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် သက်ကြီးပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများ၊ ကလေးသူငယ်များ၊ အဓိကအားဖြင့် ထိခိုက်လွယ်အုပ်စုများကို လူ့ဘဝတစ်သက်တာလုံး လွှမ်းခြုံမှုရှိစေရန်ရည်ရွယ်ပြီး မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို ၂၀၁၄ ခုနှစ်တွင် အတည်ပြုထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါ မဟာဗျူဟာစီမံချက်တွင် အဓိကလုပ်ငန်းစဉ်(၈)ရပ်ပါဝင်ပြီး ၎င်းတို့အနက် ငွေကြေးထောက်ပံ့ခြင်း လုပ်ငန်းအစီအစဉ်(၂)ရပ်ဖြစ်သည့် "ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်နှစ်နှစ်အောက်ကလေးသူငယ်များကို ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ် (MCCT)" နှင့် "လူမှုရေးပင်စင်ထောက်ပံ့ခြင်းအစီအစဉ်"တို့ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ငွေကြေးထောက်ပံ့မှုများကို ဆောင်ရွက်ရာတွင် အကျိုးခံစားခွင့်ရှိသူများထံသို့ ငွေကြေးများတိုက်ရိုက်ထောက်ပံ့ခြင်း (Cash in Envelope) နည်းလမ်းကိုသာ အသုံးပြုလျက်ရှိပါကြောင်း၊ ထောက်ပံ့ကြေးငွေပေးအပ်ခြင်းနည်းလမ်းများနှင့်ပတ်သက်ပြီး ပြန်လည်သုံးသပ်နိုင်ရေး၊ အကျိုးခံစားခွင့်ရှိသူများထံသို့ ထောက်ပံ့ငွေများ အပြည့်အဝရရှိရေးနှင့် နိုင်ငံတော်ဘဏ္ဍာငွေများ တိကျမှန်ကန်စွာ သုံးစွဲနိုင်ရေးတို့အတွက် ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးသို့တက်ရောက်လာကြသူများအနေဖြင့် တင်ပြသွားမည့် ထောက်ပံ့ကြေးငွေပေးအပ်ခြင်းနည်းလမ်းများအပြင် ရေရှည်ဆောင်ရွက်နိုင်မည့် အခြားအကြံပြုလိုသည့်နည်းလမ်းများ၊ နည်းပညာများကိုလည်း မျှဝေအကြံပေးဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေသော လုပ်ငန်းများ၊ ပြောင်းလဲအသုံးပြုလိုသည့် ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာ နည်းလမ်းများနှင့် ပတ်သက်၍ တင်ပြဆွေးနွေးသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းသည်။

မွန်းလွဲပိုင်းတွင် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ရိုးရာမပျက်ကျင်းပနိုင်ရန်အတွက် ဝန်ကြီးဌာနများအလိုက် ဇာတ်တိုက်လေ့ကျင့်လျက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် နေပြည်တော်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်တွင် သင်္ကြန်အကအလှများဖြင့် ပါဝင်ဆင်နွှဲရန်အတွက် သင်္ကြန်ယိမ်းအကအဖွဲ့များ၏ ကြိုတင်လေ့ကျင့်ခြင်းအစီအစဉ်ကို ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများက တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယခုနှစ် သင်္ကြန်ပွဲတော်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနလက်အောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန ယိမ်းအဖွဲ့မှ "ရေတွေစိုကုန်ပြီ၊ နွေဦးကဗျာ" သီချင်းများဖြင့်လည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ယိမ်းအဖွဲ့မှ "မူယာကျော့၊ ကျီစားသလား" သီချင်းများဖြင့်လည်းကောင်း နေ့အလိုက် ပါဝင်ဖျော်ဖြေဆင်နွှဲသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး အစားအသောက်ဘေးကင်းလုံခြုံရေး အခြေခံသင်တန်းအမှတ်စဉ်(၃)ဖွင့်ပွဲ တက်ရောက်

နေပြည်တော် မေ ၉



အစားအသောက် ဘေးကင်းလုံခြုံရေး အခြေခံသင်တန်း အမှတ်စဉ်(၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် နည်းပညာတက္ကသိုလ်၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ နေပြည်တော်ကောင်စီဝင်များ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ နေပြည်တော် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေးသည် လူတိုင်းနှင့် သက်ဆိုင်သည့်အရာဖြစ်ပါကြောင်း၊ ဘေးအန္တရာယ် ကင်းရှင်းသည့် အစားအသောက်များကို စားသုံးမှသာ ကျန်းမာကြံ့ခိုင်သည့် လူသားများအဖြစ် ရှင်သန်နိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အစားအသောက်ကို ရွေးချယ်ရာတွင် လတ်ဆတ်ပြီး အာဟာရပြည့်ဝရန် လိုအပ်သလို ဘေးအန္တရာယ် ကင်းရှင်းရန်လည်း အလွန်အရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံတွင် အစားအသောက် ဥပဒေကို ပြဋ္ဌာန်းထားပြီး အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီက ကျန်းမာရေးနှင့် ညီညွတ်သည့် ဆေးဝါး၊ အစားအသောက်များကို ပြည်သူများ စားသုံးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်သူလူထု အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းစွာ စားသောက်နိုင်ရေးအတွက် ကျရာအခန်းကဏ္ဍမှ ညွှန်ကြားချက်များကို တိကျစွာ လိုက်နာပြီး ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အဆိုအရ အစားအသောက် ဘေးအန္တရာယ်များကို အရှေ့တောင်အာရှနိုင်ငံများတွင် အများဆုံး ခံစားကြရကြောင်း၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူပေါင်းသုံးသန်းခန့်သည် မသန့်ရှင်းသောရေနှင့် အစားအသောက်များကို သောက်သုံးခြင်း၊ စားသုံးခြင်းဖြင့် နှစ်စဉ် အသက်ဆုံးရှုံးနေကြရကြောင်း၊ အစားအသောက်များအား မည်မျှပင် ဖူလုံအောင်ထုတ်လုပ်စေကာမူ အစားအသောက်ဘေးကင်းလုံခြုံမှုမရှိလျှင် အစားအသောက်ဖူလုံမှုကို မရရှိနိုင်ကြောင်း၊ ထို့ကြောင့် အဆိုပါလုပ်ငန်းများကို အစားအသောက် ဘေးကင်းလုံခြုံရေးအသိပညာများ ဖြန့်ဖြူးပေးခြင်းအားဖြင့် အရည်အသွေးပြည့်ဝသော၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များကို ထုတ်လုပ်နိုင်ရန် အထောက်အကူပြုနိုင်ပြီး ပြည်သူလူထု ကျန်းမာရေးလည်း မြှင့်တင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော် နည်းပညာတက္ကသိုလ် တာဝန်ခံ ဒေါက်တာ နေမျိုးထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အချက်များ၏ အရေးပါပုံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အစားအသောက်နည်းပညာစင်တာရှိ ဓာတ်ခွဲခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဘောဂသိဒ္ဓိလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း အသင်းပိုင်လယ်အား ကွင်းဆင်းကြည့်ရှု

မိုးကောင်း မေ ၉

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပင်းဘောကျေးရွာအုပ်စု ကုန်းတန်းကြီးကျေးရွာရှိ ဘောဂသိဒ္ဓိလယ်ယာနှင့် အထွေထွေစီးပွားရေး လုပ်ငန်းသမဝါယမအသင်းပိုင်လယ်တွင် သီးထပ်စိုက်ပျိုးနိုင်ရန်အတွက် ခြံစည်းရိုးကာရံထားရှိခြင်း၊ ရေတွင်းတူးခြင်းနှင့် ဆီထွက်သီးနှံစိုက်ပျိုးထားရှိခြင်းတို့ကို ပြည်နယ် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကြည်လင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အသင်းအနေဖြင့် အဆိုပါအသင်းပိုင်လယ်ကေ ၁၀ ဒသမ ၄၂ ဧကတွင် ယခင်က မိုးစပါး ငါးကေသာလျှင် စိုက်ပျိုးနိုင်ခဲ့ပြီး သီးထပ်စိုက်ပျိုးနိုင်ရန် တိရစ္ဆာန်များ ဝင်ရောက်မှုမရှိစေရန် ပေ ၂၇၄၅ အား ခြံစည်းရိုးကာရံထားရှိခြင်း၊ ရေတွင်းတူးခြင်းများ ဆောင်ရွက်ခဲ့ပြီး ယခုအခါ မြေပဲငါးကေနှင့် နေကြာ ၅ ဒသမ ၄၂ ဧက စိုက်ပျိုးထားရှိသည်။ လာမည့် မိုးစပါးအမီ စက်မှုလယ်ယာဦးစီးဌာနနှင့် ပေါင်းစပ်၍ လယ်ယာမြေ စနစ်တကျပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီး အသင်းပိုင်လယ်ကေအားလုံးတွင် အထွက်နှုန်းကောင်းစပါး တစ်မျိုးတည်းကိုသာ စနစ်တကျ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် မေ ၉

ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

# ပဲခူးတိုင်းဒေသကြီး MSMEs ထုတ်ကုန်များဖြစ်သည့် ကြိမ်၊ ဝါးအခြေခံလက်မှုထည် ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

**ပဲခူး မေ ၉**

ပဲခူးမြို့ သီရိဟံသာခန်းမ၌ ပဲခူးတိုင်းဒေသကြီး MSMEs ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီက ကြီးမှူးဖွင့်လှစ်သည့် ကြိမ်၊ ဝါးအခြေခံလက်မှုထည် ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**မျှော်မှန်းဆောင်ရွက်**

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မြို့ပြနှင့်ကျေးလက်ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဒေသခံပြည်သူများ လူမှုစီးပွားဘဝမြင့်မားရေး၊ မိသားစုဝင်ငွေတိုးပွားရရှိစေရေး၊ တစ်နိုင်တစ်ပိုင်ကုန်ထုတ်လုပ်ငန်းမှတစ်ဆင့် စီးပွားဖြစ်ထုတ်လုပ်နိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုတိုးတက်ရရှိစေရေးတို့အတွက် ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် ယခုလိုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်ကြားရရှိခဲ့သည့် အတတ်ပညာ၊ ကျွမ်းကျင်မှုတို့ကို ကိုယ်တိုင်ဆန်းသစ်တီထွင်ဖန်တီးနိုင်မှုတို့ဖြင့် ပေါင်းစပ်၍ မိမိတို့၏ ထုတ်ကုန်များကို ဒေသတွင်းသာမက ပြည်ပသို့တင်ပို့နိုင်သည်အထိ မျှော်မှန်းဆောင်ရွက်ကြရန် သင်တန်းဆင်း အမှာစကားပြောကြားခဲ့သည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများ ကိုယ်စား သင်တန်းသူတစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက သင်တန်းဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြပြီး သင်တန်းတွင် သင်ကြားခဲ့သည့် လက်မှုကြိမ်၊ ဝါးထည်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ကြိမ်၊ ဝါးအခြေခံလက်မှုထည် ထုတ်လုပ်မှုနည်းပညာသင်တန်းကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဒိုက်ဦးမြို့နယ်တွင် ပထမဆုံးအကြိမ် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဒုတိယအကြိမ်အဖြစ် ပဲခူးမြို့တွင် မတ် ၂၆ ရက်မှ မေ ၈ ရက်အထိ သင်တန်းသား သင်တန်းသူ ၂၀ အား ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ ၂၀၂၄ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ၊ ပဲခူးမြို့နယ် စာဖြေဌာနရှိ ပထမကြီးတန်းဖြေဆိုတော်မူကြမည့် စာဖြေသံဃာ၊ သီလရှင်များနှင့် ကြီးကြပ်ရေးဆရာတော် ၁၈၂ ပါးတို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပို့ကုန်တိုးမြှင့်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၉**

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိရာ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) တို့ ပူးပေါင်းစီစဉ်၍ ယနေ့တွင် MHM ဆိပ်ကမ်းမှ MV.MCL- 8 သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀ နှင့် MHM ဆိပ်ကမ်းမှ MV. MCL-7 သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀ တို့ကို ထိုင်းနိုင်ငံသို့ တင်ပို့သွားမည်ဖြစ်သည်။

ထို့ပြင် AWPT 1 ဆိပ်ကမ်းမှ MV. CONTRIVIA သင်္ဘောသည် ရေထွက်ကုန်ပစ္စည်းများ၊ ဆန်၊ ပဲ၊ အဝတ်အထည်၊ သစ်တောထွက်ပစ္စည်း၊ သကြား၊ နှမ်း၊ ပြောင်း၊ ရော်ဘာနှင့် အထွေထွေကုန်ပစ္စည်းများကို စင်ကာပူနိုင်ငံသို့လည်းကောင်း၊ AWPT 3 ဆိပ်ကမ်းမှ MV. ISEACO FORTUNE သင်္ဘောသည် ရေထွက်ကုန်ပစ္စည်းများ၊ ဆန်၊ ပဲ၊ ချုပ်ပြီး အဝတ်အထည်၊ သစ်တောထွက်ပစ္စည်း၊ သကြား၊ ပြောင်း၊ နှမ်း၊ ရော်ဘာနှင့် အထွေထွေကုန်ပစ္စည်းများကို မလေးရှားနိုင်ငံသို့လည်းကောင်း တင်ဆောင်ပြီး ထွက်ခွာမည်ဖြစ်သည်။

အလားတူ မေ ၁၀ ရက်တွင် SPW 6 ဆိပ်ကမ်းမှ MV. MANTA HATICE သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၅၀၀၀ ကို ဖိလစ်ပိုင်နိုင်ငံသို့လည်းကောင်း၊ TMT ဆိပ်ကမ်းမှ MV. TAY SON 4 သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၁၂၇၀၀ ကို ထိုင်းနိုင်ငံသို့လည်းကောင်း၊ MIP 2 ဆိပ်ကမ်းမှ MV. SEIYO HARMONY သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၇၅၀၀ ကို အိန္ဒိယနိုင်ငံသို့လည်းကောင်း၊ MHM ဆိပ်ကမ်းမှ MV. MCL 20 သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၂၇၀၀ ကို ထိုင်းနိုင်ငံသို့လည်းကောင်း၊ မေ ၁၅ ရက်တွင်လည်း YIGT ဆိပ်ကမ်းမှ MV. DDS MARINA သင်္ဘောဖြင့် ပြောင်းဖူးစေ့တန်ချိန် ၁၄၅၀၀ ကို ထိုင်းနိုင်ငံသို့လည်းကောင်း ဆက်လက်တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ကောင်စီဝင်များ လပတ်ပုံမှန်အစည်းအဝေး(၂/၂၀၂၄)ကျင်းပ

**ရန်ကုန် မေ ၉**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ကောင်စီဝင်များ လပတ်ပုံမှန်အစည်းအဝေး(၂/၂၀၂၄)ကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံးအစည်းအဝေးခန်းမ၌ ယမန်နေ့က ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် မီဒီယာလုပ်ငန်းများကို ဆောင်ရွက်နေကြသည့် သတင်းမီဒီယာအဖွဲ့အစည်းများကို သတင်းမီဒီယာဥပဒေ၊ သတင်းမီဒီယာကျင့်ဝတ်တို့နှင့် ညီညွတ်စွာ ဆောင်ရွက်နိုင်ရန် ထိန်းကျောင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့နိုင်ငံတော်တွင် ဖြစ်ပေါ်နေသော ဖြစ်စဉ်ဖြစ်ရပ်များကို သတင်းဌာနအသီးသီးက သတင်းမှန်ဖြစ်ရပ်မှန်များကို ထုတ်ပြန်နိုင်ရေး အထူးလိုအပ်ကြောင်း၊ သို့ရာတွင် သစ္စာမဲ့မီဒီယာများက ထုတ်ပြန်သည့် မဟုတ်မမှန်သတင်းမှားများက ပြည်သူများ အထင်အမြင် လွဲမှားအောင် တမင်ကြံစည်ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ ထိုအခြေအနေများတွင် မိမိတို့သတင်းဌာနများက နိုင်ငံတော်၏ပကတိအခြေအနေများကို သတင်းထုတ်ပြန်ရာတွင် သတင်းသမားတို့၏ကျင့်ဝတ်နှင့် သတင်းမီဒီယာဥပဒေကို ရှောင်ဖယ်၍မရကြောင်း၊ အမှားအမှန်ကို ဝေဖန်ထောက်ပြနိုင်ကြောင်း၊ သို့ရာတွင် မိမိတင်ပြချက်ကို မိမိတာဝန်ယူရမည်ဖြစ်ကြောင်း။

သို့ဖြစ်၍ ယနေ့ကာလတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် နိုင်ငံတော်ကို မျက်နှာမူသည့် သတင်းမီဒီယာအဖွဲ့အစည်းများ၊ သတင်းသမားများကို မီဒီယာဥပဒေ၊ ကျင့်ဝတ်များနှင့်အညီ အကာအကွယ်ပေးလျက်ရှိကြောင်း၊ ယနေ့တက်ရောက်လာသည့် ကောင်စီဝင်များကလည်း အတွေ့အကြုံရှိကြသူများပီပီ မိမိတို့တာဝန်ယူနိုင်သည့် မီဒီယာလုပ်ငန်းများကို ကြိုးစားဆောင်ရွက်သွားကြရန်နှင့် ယနေ့နိုင်ငံတော်၏ အခြေအနေများကို မျက်ခြည်မပြတ် လေ့လာသိရှိအောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကောင်စီဝင်များက လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# ချောင်းဆုံမြို့နယ် ကွမ်ရိုက်ကျေးရွာသို့ မီးသတ်ဦးစီးဌာနက သောက်သုံးရေလှူဒါန်း

**ချောင်းဆုံ မေ ၉**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မီးသတ်ဦးစီးဌာနက ဦးဆောင်၍ ယနေ့နံနက်ပိုင်းတွင် ကွမ်ရိုက်ကျေးရွာ ရေလှောင်ကန်သို့ သောက်သုံးရေများ(အခမဲ့) သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အခမဲ့ဖြန့်ဝေ**

ထိုသို့ သောက်သုံးရေများ ဖြန့်ဝေပေးခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိဦးတင်လင်းဦး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်မီးသတ်ဦးစီးဌာန ရေသယ်ယာဉ်လေးစီးနှင့် မုဒွန်းအရန်မီးသတ်တပ်ဖွဲ့ဝင်များက ရေသယ်ယာဉ်တစ်စီး စုစုပေါင်း ရေသယ်ယာဉ်ငါးစီးတို့ဖြင့် သောက်သုံးရေ ဂါလန် ၁၂၈၀၀ ကို ကွမ်ရိုက်ကျေးရွာရှိ ရေလှောင်ကန်နှစ်ကန်သို့ သွားရောက်ပို့ဆောင်ကာ ရေလှောင်ကန်များမှတစ်ဆင့် ကျေးရွာအတွင်းရှိနေအိမ်များသို့ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အချက်အလက်များ ရှင်းလင်း



**နေပြည်တော် မေ ၉**

ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အချက်အလက်များ ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ် ညွှန်ကြားရေးမှူးရုံးများနှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတို့မှ တာဝန်ခံများနှင့် အရာထမ်း၊ အမှုထမ်းများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကာကွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်လာသည့် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်ခွင့်နှင့် ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် ယခုအခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေအရ တိုင်းရင်းသားတိုင်းသည် နိုင်ငံသားဖြစ်ပြီး နိုင်ငံသားတိုင်းသည် ဒို့တာဝန်အရေး (၃)ပါး ဖြစ်သည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေးသုံးပါးကိုစောင့်ထိန်းရန်လိုအပ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားရှိသဖြင့် ချစ်ခင်စည်းလုံး ညီညွတ်စွာ နေထိုင်ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် ညွှန်ကြားရေးမှူးရုံးများမှ တာဝန်ခံများအနေဖြင့်လည်း ယခု ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အချက်အလက်များကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ထပ်ဆင့်ရှင်းလင်းကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉)ရပ်တို့နှင့်အညီ မိသားစုအကျိုး၊ ဌာနအကျိုး၊ နိုင်ငံအကျိုးကို မိသားစု စိတ်ဓာတ်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ကာကွယ်ရေးဝန်ကြီးဌာနမှ ဆက်လက်ထုတ်ပြန်သည့် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်ခွင့်၊ ရွှေ့ဆိုင်းခွင့်ပြုနိုင်သူများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအရ လတ်တလောတွင် အကျုံးဝင်သူနိုင်ငံသားတိုင်း စစ်မှုထမ်းရန် မလိုအပ်သေးပါကြောင်း၊ ရွေးချယ်ရေးအဖွဲ့များ ဖွဲ့စည်း၍ ရပ်/ကျေးအဆင့် လိုအပ်သည့်ပမာဏကိုသာ ခေါ်ယူ၍ ဆေးစစ်ပြီး အောင်မြင်မှသာ တာဝန်ထမ်းဆောင်ရမည် ဖြစ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေသည် မြန်မာတစ်နိုင်ငံတည်းတွင်သာ ပြဋ္ဌာန်းထားခြင်း မဟုတ်ဘဲ အခြားကမ္ဘာ့နိုင်ငံများတွင်လည်း ပြဋ္ဌာန်းကျင့်သုံးလျက်ရှိသည့် ဥပဒေဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ မိမိတို့ပတ်ဝန်းကျင်ရှိ တိုင်းရင်းသားပြည်သူများအား မိမိတို့သိရှိထားသည်များကို အပြုသဘောဖြင့် ပြန်လည်ဝေမျှပြီး နိုင်ငံတော်၏ အကျိုးအတွက် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က သတ်မှတ်ခွင့်ပြုလိုက်သည့် ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်နှင့် ရွှေ့ဆိုင်းခွင့်များ ဖြည့်စွက်အသိပညာပေး ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၉**

ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်နှင့် ယာယီရွှေ့ဆိုင်းခွင့်များအပြင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က သတ်မှတ်ခွင့်ပြုလိုက်သည့် ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်နှင့် ရွှေ့ဆိုင်းခွင့်များအား ဝန်ထမ်းများ သိရှိနိုင်ရေးအတွက် ဖြည့်စွက်အသိပညာပေးဆွေးနွေးပွဲကို ယနေ့တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ်(၁၇) စုပေါင်းခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်က ပြည်သူ့စစ်မှုထမ်းဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၂၇/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၄ ဖြင့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှစ၍ အာဏာတည်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဝန်ထမ်းအားလုံး၏ အရေးကိစ္စများဆောင်ရွက်ရသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဝန်ထမ်းများ လွယ်ကူရှင်းလင်းစွာ သေသေချာချာ သိရှိနားလည်နိုင်စေရန်၊ နိုင်ငံတော်လုံခြုံရေးအတွက် ချမှတ်ထားသော ပြည်သူ့စစ်မှုထမ်းဥပဒေကို ဝန်ထမ်းအဖွဲ့အစည်းတစ်ခုလုံးက သိရှိနားလည်နိုင်ရန်၊ အခြားသူများက မေးမြန်းလာပါကလည်း ပြန်လည်ရှင်းလင်းပြောကြားနိုင်ရန်၊ တစ်ဦးချင်းအတွက်သာမက အများအတွက်၊ ဝန်ထမ်းအဖွဲ့အစည်းတစ်ခုလုံးအတွက်ဗဟိုပြုဆောင်ရွက်နေသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဝန်ထမ်းများက ထဲထဲဝင်ဝင် သိရှိနားလည်ရန် လိုအပ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်း ဥပဒေ၊ အရန်တပ်ဖွဲ့ဥပဒေများကို ထဲထဲဝင်ဝင် သိရှိရန်လိုအပ်ပြီး မျက်ခြည်မပြတ် လေ့လာသွားကြရန် လိုကြောင်း မှာကြားသည်။

ထို့နောက် ဥက္ကဋ္ဌရုံးအဖွဲ့ လက်ထောက်အတွင်းဝန် ဒေါ်ချိုမာမြင့်က ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်များ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ၊ ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများ၊ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)ပါ ပြဋ္ဌာန်းချက်များ၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ၊ ဥပဒေပါ သတ်မှတ်ချက်များနှင့် ၁၀-၃-၂၀၂၄ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၄)ဖြင့် ထုတ်ပြန်ထားသည့် အရန်တပ်ဖွဲ့နည်းဥပဒေများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဆွေးနွေးပွဲတက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းမှုများကို အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များက ဖြည့်စွက်ဆွေးနွေးသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်များ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ယိမ်းအဖွဲ့အနေဖြင့် နေပြည်တော် မြို့တော်ဝန်မဏ္ဍပ်နှင့် ဗဟိုမဏ္ဍပ်တို့တွင် သင်္ကြန်အကအလှများဖြင့် ပါဝင်ဖျော်ဖြေဆင်နွှဲနိုင်ရန် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ စုပေါင်းခန်းမ၌ ယိမ်းအက ကြိုတင်ဇာတ်တိုက်လေ့ကျင့်နေမှုကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အနုပညာဦးစီးဌာနမှ အကနည်းပြဆရာမအား အမြဲတမ်းအတွင်းဝန်က ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ပြီး သင်္ကြန်ယိမ်းအဖွဲ့ဝင်များအား ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဝန်ထမ်း ၁၆ ဦး ပါဝင်သည့် သင်္ကြန်ယိမ်းအဖွဲ့များသည် မင်္ဂလာရှိသောသင်္ကြန်၊ ယိမ်းသမလေးရေ စသည့် မဟာသင်္ကြန်တေးသီချင်းများဖြင့် ကပြဖျော်ဖြေမည်ဖြစ်သည်။

**သတင်းစဉ်**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှ ကင်းလွတ်ခွင့်ရသူများ

## ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ -၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က)ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်း တာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင် ချမ်းအေးသာစံမြို့နယ်ရှိ ဂျွန်းဗလီသို့သွားရောက်၍ ဥပုသ်ဖြေသည့် အစ္စလာမ်ဘာသာဝင် ဥပုသ်သည်များအတွက် အာဟာရဖြည့်စွက်စာများ လှူဒါန်း

**မန္တလေး ဧပြီ ၉**

မန္တလေးမြို့ရှိ အစ္စလာမ်ဘာသာဝင်များ၏ ဗလီဝတ်ကျောင်းတော်များတွင် အစ္စလာမ်ဘာသာ ထုံးတမ်းစဉ်လာအရ မတ် ၁၁ ရက်မှစ၍ အစ္စလာမ် ဘာသာဝင်များ ဥပုသ်ဆောက်တည်လျက်ရှိရာ ဥပုသ် ဖြေသည့် အစ္စလာမ်ဘာသာဝင် ဥပုသ်သည်များ အတွက် အာဟာရဖြည့်စွက်စာများ နှစ်စဉ်လှူဒါန်း လျက်ရှိသည်။

ထိုသို့ ဥပုသ်ဖြေသည့် အစ္စလာမ်ဘာသာဝင် ဥပုသ်သည်များအား အာဟာရဖြည့်စွက်စာများ လှူဒါန်းခြင်းအတွက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တာဝန် ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများသည် ချမ်းအေးသာစံမြို့နယ် (၂၇) လမ်း၊ (၈၁) လမ်းနှင့် (၈၂)လမ်းကြား ဂျွန်းဗလီသို့ ယမန်နေ့က သွားရောက် ၍ လှူဒါန်းကြရာ ဥပုသ်ဖြေသည့် အစ္စလာမ် ဘာသာဝင် ဥပုသ်သည်များအား တစ်ဦးချင်း အာဟာရဖြည့်စွက်စာများ လှူဒါန်းပေးဝေကြ သည်။

အဆိုပါ ဂျွန်းဗလီတွင် မတ် ၁၁ ရက်မှ ဧပြီ ၁၀ ရက်အထိ ဥပုသ်တစ်လဆောက်တည်လျက် ရှိကြပြီး ဥပုသ်ဖြေသည့် အစ္စလာမ်ဘာသာဝင် ဥပုသ် သည်များအတွက် နှစ်စဉ်အာဟာရဖြည့်စွက်စာ များ လှူဒါန်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရ သည်။

**သတင်းစဉ်**





# နေပြည်တော် ပျဉ်းမနားမြို့တွင် အစ္စလာမ်ဘာသာဝင်များ၏ ဥပုသ်လ အလှူအတန်းများဖြင့် စည်ကား

**နေပြည်တော် ဧပြီ ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနား မြို့တွင် အစ္စလာမ်ဘာသာဝင်များ၏ ဝါတွင်းကာလ ဥပုသ်သည်များအား ညနေဥပုသ်ထွက်ချိန်တွင် အလှူဒါနများပြုလုပ်၍ စည်ကားလျက်ရှိသည်ကို တွေ့မြင်ရသည်။

ပျဉ်းမနားမြို့တွင် အစ္စလာမ်ဘာသာဝင်များ၏ ဝတ်ပြုကျောင်းတော် ဗလီ ၁၁ လုံးရှိရာ အဆိုပါဗလီ များ၌ ညနေ ၅ နာရီခန့်တွင် ဥပုသ်သည်များ ဥပုသ် ထွက်ချိန်တွင် သုံးဆောင်ရန်အတွက် ကြက်သား စွတ်ပြုတ်များကို ရပ်ကွက်အလိုက်၊ ဗလီအလိုက် ဒေသခံများအား လူမျိုးဘာသာမရွေး လှူဒါန်းလျက် ရှိသည်ကို တွေ့မြင်ရသည်။

ဆက်လက်၍ ယင်းရပ်ကွက်ရှိ ကြယ်စန္ဒာဗလီ ဝတ်ပြုကျောင်းတော်၏ အကျိုးတော်ဆောင်ဆရာ ဦးဇော်မျိုးနိုင်က “ကျွန်တော်တို့နယ်မြေမှာ အိမ်ခြေ ၂၅၀ ရှိပါတယ်။ ဥပုသ်သည်တွေဟာ ညနေ ၆ နာရီ ၂၃ မိနစ်မှာ ဥပုသ်ထွက်ရပါတယ်။ ဗလီကို လာရောက် ၍ ဥပုသ်ထွက်သူတွေကို ကျွန်တော်တို့ ဗလီ အကျိုးတော်ဆောင်တွေက ထမင်းသုပ်၊ ထမင်းကြော်၊ ဒံပေါက်၊ ခေါက်ဆွဲကြော်၊ ခေါက်ဆွဲသုပ်၊ မုန့်ဖတ် သုပ်၊ အသီးအနှံ၊ အအေးတို့ဖြင့် ရက်အလိုက် နေ့စဉ် ဧည့်ခံကျွေးမွေးလျက်ရှိပါတယ်”ဟု ရှင်းပြသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**



မင်္ဂလာတောင်ညွန့်မြို့နယ် ကျီတော်ရပ်ကွက် အထက်ပုဇွန် တောင်လမ်းရှိ စလမဲသ်ဗလီတွင် ဧပြီ ၉ ရက် မွန်းလွဲ ၃ နာရီက ဥပုသ် သည်များအား အာဟာရဖြည့်စွက်စာများ ပေးဝေနေစဉ်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

❖ ကျောဖုံးမှ

အဲဒီပွဲစဉ်မှာ အိမ်ရှင်အူဒီးနီးစ်အသင်းက ပထမပိုင်းပွဲကစားချိန် မိနစ် ၄၀ မှာ ဆမ်မာဒစ်ရဲ့သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် အင်တာမီလန်အသင်းကို ပွဲကစားချိန် ၅၅ မိနစ်မှာ ပင်နယ်တီပြစ်ဒဏ် ဘောပေးလိုက်ရတာကြောင့် ချေပဂိုးပြန်လည်ခွင့်ပြုပေးခဲ့ရပါတယ်။ အင်တာမီလန်အသင်းအတွက် ပင်နယ်တီသွင်းဂိုးကို ကယ်ဟာနော့ဂ်လု က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အင်တာမီလန်အသင်းအတွက် အနိုင်ဂိုးကိုတော့ လူစားဝင်ကစား သမား ဖရက်တီဆီက သာမန်ပွဲကစားချိန် မိနစ် ၉၀ အပြီး နာကျင်အချိန်ပို ငါးမိနစ်မှာ သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာ အင်တာမီလန် အသင်းအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ ကယ်ဟာနော့ဂ်လု ဟာ ယခုဘောလုံးရာသီသွင်းဂိုး ၁၀ ဂိုး ရှိသွားပြီဖြစ်ပါတယ်။

အင်တာမီလန်အသင်းဟာ အူဒီးနီးစ်အသင်းကို အနိုင်ရရှိခဲ့တာ ကြောင့် စီးရီးအေပွဲစဉ် ၃၁ ပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၈၂ မှတ် ရရှိထားပြီး အမှတ်ပေးဇယားဒုတိယနေရာက မြို့ခံပြိုင်ဘက်အေစီမီလန် အသင်းက ၆၈ မှတ်ရရှိထားတာဖြစ်ပါတယ်။ အူဒီးနီးစ်အသင်းကတော့ အင်တာမီလန်အသင်းကို ရှုံးနိမ့်ခဲ့လို့ ရမှတ် ၂၈ မှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၁၅)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

**ငွေကြယ်**

# အစ္စလာမ်ဘာသာဝင် ဥပုသ်သည်များအတွက် အာဟာရဖြည့်စွက်စာများနှင့် အချိုဖျော်ရည်များ လှူဒါန်း

**ရန်ကုန် ဧပြီ ၉**

ယခုလသည် အစ္စလာမ်ဘာသာ ဝင်များ ထုံးတမ်းစဉ်လာအရ ဥပုသ်ဆောက်တည်သည့် ယနေ့ သည် ဥပုသ်ရက် ၂၉ ရက်မြောက် ရှိပြီဖြစ်သည်။ ရန်ကုန်တိုင်းဒေသ ကြီးအတွင်းရှိ မြို့နယ်၊ ရပ်ကွက် အသီးသီး၌ ဥပုသ်ဆောက်တည် နေသော အစ္စလာမ်ဘာသာဝင် ဥပုသ်သည်များ နေ့စဉ်ဥပုသ် ဖြေရန်အတွက် စေတနာရှင် အလှူရှင်များက ပုဂ္ဂိုလ်တစ်ဦး ချင်းအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက် စုပေါင်း၍ သော်လည်းကောင်း ကုသိုလ် ရယူသည့်အနေဖြင့် အာဟာရ ဖြည့်စွက်စာများ အပါအဝင် သောက်သုံးမည့် အချိုဖျော်ရည် များကို မြို့နယ်၊ ရပ်ကွက်နှင့် လမ်း များတွင် နေ့စဉ်လှူဒါန်းလျက် ရှိကြကြောင်း သိရသည်။

ယနေ့တွင် ဥပုသ်သည် ၃၀၀၀ ကျော်အတွက် နှင်းဆီဖျော်ရည် နှင့် နို့ရောစပ်ထားသော Rose Milk Shake ဖျော်ရည်ကို စုပေါင်း လှူဒါန်းဝေငှခဲ့ကြောင်း သိရ သည်။



လမ်း(၃၀) (အထက်ဘလောက်) လူငယ်များအဖွဲ့က အစ္စလာမ်ဘာသာဝင်ဥပုသ်သည်များ ဥပုသ်ဖြေရန် အတွက် ဧပြီ ၉ ရက် ညနေပိုင်းက Rose Milk Shake ဖျော်ရည်များ လှူဒါန်းဝေငှနေစဉ်။ စိုးမြင့်အောင်

“ဒီလိုမျိုး နို့ဆီ၊ နို့စိမ်းပါဝင် ရောစပ်ထားတဲ့ Rose Milk လှူဒါန်း တဲ့နေ့လိုမျိုးဆိုလို့ရှိရင် ငွေကျပ် သိန်း ၆၀ ဝန်းကျင်ကုန်ကျပါတယ်။ နှင်းဆီဖျော်ရည်၊ နို့ပိဿာ ၇၀၀ နဲ့ သကြား ခုနစ်အိတ်အပါအဝင် အခြားဖြည့်စွက်စာတွေကို ရောစပ် ထားတဲ့ အထူးမစ်ရှိတ်ကို လှူဒါန်း ဝေငှတာဖြစ်ပါတယ်။ ခုလိုနေ့မျိုး ဆိုလို့ရှိရင် လူဦးရေ ၃၀၀၀ ကျော် ထိ လာယူကြတယ်”ဟု လမ်း(၃၀) (အထက်ဘလောက်) လူငယ်များ အဖွဲ့မှ ကိုအငယ်လေးက ပြော သည်။

**ပွင့်သစ္စာ**

❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများလွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူ ခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# ဖိလစ်ပိုင်နိုင်ငံတစ်ဝန်းရှိ ဒေသကိုးခုတွင် အပူချိန် မြင့်တက်မည်

**မနီလာ မေ ၉**

ဖိလစ်ပိုင်နိုင်ငံတစ်ဝန်းရှိ အနည်းဆုံး ဒေသကိုးခုတွင် အပူချိန် ၅၁ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လာနိုင်ကြောင်း ယနေ့တွင်တာဝန်ရှိသူများက သတိပေးခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံရှိ ဒေသကိုးခုတွင် အပူချိန် ၅၁ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်နိုင်ပြီး အန္တရာယ်ရှိသည့် အဆင့်အဖြစ် သတ်မှတ်ထားကြောင်း ပြည်နယ်မိုးလေဝသဗျူရိုက ပြောကြားခဲ့သည်။ လက်ရှိအချိန်တွင် ယင်းဒေသများ၌ အပူဒဏ်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီး အန္တရာယ်အဆင့် အပူအညွှန်းကိန်းရှိသည့် နေရာများတွင် ဒေသခံများသည် အပူကြောင့် ကြွက်တက်ခြင်းနှင့် ပင်ပန်းနွမ်းနယ်မှုကို ခံစားရနိုင်ခြေရှိကြောင်း တာဝန်ရှိသူများက မှတ်ချက်ပြုပြောကြားသည်။ အပူလွန်ကဲခြင်းကြောင့် ဖြစ်လာနိုင်သော အကျိုးဆက်များကို ရှောင်ရှားနိုင်ရန် မိုးလေဝသဗျူရိုက ဒေသခံများအား ပြင်ပလှုပ်ရှားမှုများကို လျှော့ချရန်နှင့် ရေများများသောက်ရန် ညွှန်ကြားထားသည်။ အစိုးရက ကျောင်းသားကျောင်းသူများအပါအဝင် အထူးသဖြင့် ကလေးများကို အပူအညွှန်းမြင့်မားခြင်းမှ ကာကွယ်ရန် ကျောင်းသင်ခန်းစာများကို အွန်လိုင်းမှ သင်ကြားရန် ကျောင်းများကို ခွင့်ပြုထားသည်။

**ကိုးကား -ဆင်ဟွာ၊ ဘာသာပြန် -စိုးသူရ**




# တောင်ကိုရီးယားနိုင်ငံ၏ မတ်လအတွင်း အလုပ်လက်မဲ့နှုန်း ၉ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်း

**ဆိုးလ် မေ ၉**

တောင်ကိုရီးယား၏ မတ်လအတွင်း အလုပ်လက်မဲ့နှုန်းသည် ပညာရေးဝန်ဆောင်မှု၊ ကုန်ထုတ်လုပ်ငန်းနှင့် လက်လီလက်ကားကဏ္ဍများတွင် လုပ်သားလိုအပ်ချက်နည်းပါးမှုကြောင့် ကျဆင်းသွားခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာန၏ မေ ၈ ရက်တွင် ဖော်ပြထား သည့် အချက်အလက်များအရ သိရသည်။

**ကျဆင်းခဲ့**

တောင်ကိုရီးယားနိုင်ငံ အလုပ်အကိုင်နှင့် အလုပ်သမားဝန်ကြီးဌာန၏ စာရင်းများအရ မတ်လတွင် အလုပ်ရှာဖွေသူ အသစ်လျှောက်ထားသူဦးရေ ၁၃၀၈၀၀ ရှိပြီး ယခင်နှစ် အလားတူလထက် ၉ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ အစိုးရက အလုပ်လက်မဲ့များအတွက် အလုပ်အကိုင်ရှာဖွေရေး အကျိုးခံစားခွင့်များကို ပေးထားပြီး အလုပ်လက်မဲ့ဆိုင်ရာ အကျိုးခံစားခွင့်အများစုကို နိုင်ငံတော် အလုပ်အကိုင် အာမခံရန်ပုံငွေမှ ထောက်ပံ့ပေးထားကြောင်း သိရသည်။

ထို့ကြောင့်မတ်လတွင်တောင်ကိုရီးယားနိုင်ငံ၏ အလုပ်လက်မဲ့ဆိုင်ရာ အကျိုးခံစားခွင့်လက်ခံရရှိသူ စုစုပေါင်း ၆၅၄၆၀၀ ရှိပြီး ယခင်နှစ်ထက် ၃ ဒသမ သုည ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ယင်းသို့ကျဆင်းခြင်းသည် ၁၄ လအတွင်း ပထမဆုံးကျဆင်းမှုဖြစ်ကြောင်း သိရသည်။

၂၀၁၉ ခုနှစ် မတ်လအတွင်း တောင်ကိုရီးယားနိုင်ငံ၏ အလုပ်အကိုင်ရှာဖွေခြင်း အကျိုးခံစားခွင့်များအတွက် စုစုပေါင်းပေးချေရသည့် ငွေကြေးပမာဏသည် ဝမ် ၉၆၉ ဒသမ ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇၁၆ ဒသမ ၇သန်း)ရှိခြင်းကြောင့် ၆ ဒသမ ၂ ရာခိုင်နှုန်း လျော့ကျသွားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**




# ဗီယက်နမ်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ ဆိုင်ဘာတိုက်ခိုက်မှု အများအပြားကြုံတွေ့နေရ

**ဟနွိုင်း မေ ၉**

ဗီယက်နမ်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများသည် ဆိုင်ဘာတိုက်ခိုက်မှု အများအပြား ကြုံတွေ့နေရပြီး နိုင်ငံအတွင်း ဆိုင်ဘာတိုက်ခိုက်မှု ၁၇ ဒသမ ၁ သန်း ရှိကြောင်း ဆိုင်ဘာကုမ္ပဏီ ကက်စပါစကီးက ပြောကြားခဲ့သည်ဟု ယနေ့ ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

ဆိုင်ဘာတိုက်ခိုက်ခံရသည့် မှုခင်းများပြားမှုတွင် ဗီယက်နမ်နိုင်ငံနောက်၌ အင်ဒိုနီးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ တည်ရှိနေပြီး အင်ဒိုနီးရှားနိုင်ငံက ဆိုင်ဘာ မှုခင်း ၁၄ ဒသမ ၆ သန်းနှင့် ထိုင်းနိုင်ငံက ၄ ဒသမ ၇ သန်း အသီးသီးဖြစ်ပွားခဲ့သည်။

ယခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံ၌ ဆိုင်ဘာတိုက်ခိုက်မှု ၁၈၁၂မှု ဖြစ်ပွားခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ယင်းဝန်ကြီးဌာနသည် သတင်းအချက်အလက်နည်းပညာ ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်စာအုပ်ကို ယခုနှစ် ဒုတိယသုံးလပတ်အတွင်း ထုတ်ဝေမည်ဖြစ်သည်။

ကက်စပါစကီး၏ အဆိုအရ အရှေ့တောင်အာရှဒေသ၌ ယမန်နှစ်တွင် စီးပွားရေးလုပ်ငန်းများကို ပစ်မှတ်ထားသည့် ဆိုင်ဘာတိုက်ခိုက်မှု ၄၃ သန်း ရှိခဲ့ကြောင်း သိရသည်။

**ကိုးကား ဆင်ဟွာ၊ ဘာသာပြန် စိုးသူရ**

# အမေရိကန်နှင့် မဟာမိတ်များ၏ စစ်သင်္ဘောများအား တိုက်ခိုက်ခဲ့ဟု ဟူသီစစ်သွေးကြွအဖွဲ့ပြောကြား

**ဆာနာ မေ ၉**

ယီမင်နိုင်ငံရှိ ဟူသီစစ်သွေးကြွအဖွဲ့သည် လွန်ခဲ့သည့် ၇၂ နာရီအတွင်း စစ်ဆင်ရေး ငါးခု ပြုလုပ်ခဲ့ရာတွင် ဗြိတိန်၊ အစ္စရေးနှင့် အမေရိကန်စစ်သင်္ဘောများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း ဟူသီစစ်သွေးကြွအဖွဲ့က မေ ၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။

"ယင်းစစ်ဆင်ရေးအတွင်း ပဲ့ထိန်းဒုံးကျည်အမြောက်အမြားနှင့်ပစ်ခတ်ခဲ့ပြီး ယင်းဒုံးကျည်များသည် ပစ်မှတ်များကို အောင်မြင်စွာ ပစ်ခတ်နိုင်ခဲ့သည်ဟု ဟူသီစစ်ဘက် ပြောရေးဆိုခွင့်ရှိသူ ယာယာဆာယီယာက ဟူသီအဖွဲ့၏ al-Masirah ရုပ်မြင်သံကြားမှ ထုတ်လွှင့်သော ကြေညာချက်တွင် ပြောကြားခဲ့သည်။ ယင်း၏ ပြောကြားချက်အရ ဟူသီစစ်သွေးကြွအဖွဲ့သည် ပင်လယ်နီရှိ ဗြိတိန်သင်္ဘော HOPE ISLAND နှင့် အစ္စရေးသင်္ဘောနှစ်စင်းဖြစ်သည့် MSC GRACE F နှင့် MSC GINA တို့ကို ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့ပြီး အခြားစစ်ဆင်ရေး နှစ်ခုတွင်လည်း ပင်လယ်နီရှိအမေရိကန်စစ်သင်္ဘောအများအပြားကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

တစ်ချိန်တည်းတွင် အမေရိကန်ဗဟိုဌာနချုပ်က ၎င်း၏တပ်ဖွဲ့များသည် ဟူသီအဖွဲ့၏ မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်အား အောင်မြင်စွာ ဖျက်ဆီးခဲ့ကြောင်း မှတ်ချက်ပြု ပြောကြားသည်။

ယခုဖြစ်စဉ်အတွင်း အမေရိကန် နှင့် မဟာမိတ်များ၏စစ်သင်္ဘောနှင့် အခြားကုန်တင်သင်္ဘောများအား ထိခိုက်မှုမရှိခဲ့ကြောင်း အမေရိကန်ဘက်မှ မှတ်ချက်ပြု ပြောကြားသည်။

**ကိုးကား ဆင်ဟွာ၊ ဘာသာပြန် စိုးသူရ**

# တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့် စီချွမ်ပြည်နယ်တို့တွင် မိုးခေါင်ရေရှားမှုကယ်ဆယ်ရေးအတွက် ယွမ် ၁၇၄ သန်း လျာထား

**ပေကျင်း မေ ၉**

တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့် စီချွမ်ပြည်နယ်တို့တွင် မိုးခေါင်ရေရှားမှု ကယ်ဆယ်ရေးအတွက် ဗဟိုအစိုးရရန်ပုံငွေမှ ယွမ် ၁၇၄ သန်း (အမေရိကန် ဒေါ်လာ ၂၄ ဒသမ ၅၁ သန်းခန့်) လျာထားကြောင်း တရုတ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနက မေ ၈ ရက်တွင် ပြောကြားသည်။

**အဓိကထားအသုံးပြုသွားမည်**

တရုတ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ရေအရင်းအမြစ်ဝန်ကြီးဌာနတို့မှ ခွဲဝေချထားပေးသော အဆိုပါ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးရန်ပုံငွေကို ပြည်နယ်နှစ်ခုအတွင်းရှိ မိုးခေါင်ရေရှားမှုဒဏ်ခံရသော ဒေသများ၌ သောက်သုံးရေနှင့် စိုက်ပျိုးရေလုံလောက်စွာရရှိစေရန်အတွက် အဓိကထားအသုံးပြုသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောကြားသည်။

**မြင့်တက်ဖွယ်ရှိ**

အဆိုပါပြည်နယ်နှစ်ခု၏ အပူချိန်များသည် မေလတွင် ပုံမှန်နှစ်များထက် တစ်ဒီဂရီစင်တီဂရိတ်မှ နှစ်ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်ဖွယ်ရှိကြောင်း တရုတ်နိုင်ငံ မိုးလေဝသဌာနက ပြီးခဲ့သည့် သီတင်းပတ်တွင် ပြောကြားခဲ့သည်။

မိုးခေါင်ရေရှားမှုသည် ယင်းပြည်နယ်နှစ်ခုတွင် ဆက်လက်ဖြစ်ပွားနိုင်ဖွယ်ရှိကြောင်း ပြည်နယ်



အုပ်ချုပ်ရေးမှူးများက ပြောကြားခဲ့ပြီး ရေအရင်းအမြစ် စီမံခန့်ခွဲမှုကို အားကောင်းအောင် လုပ်ဆောင်ရန် တိုက်တွန်းထားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ဘာသာပြန်-အလင်းသစ်**

# ၂၀၂၄ ခုနှစ်၊ မတ်လအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှစတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ မြို့ကြီး ၄၁ မြို့ရှိ မိုးလေဝသနှင့်ဇလဗေဒစခန်း ၄၁ ခု (ပုံ-၁)တွင် ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၄ ခုနှစ် မတ်လအတွင်း တိုင်းတာသည့်စခန်း ၄၁ စခန်းအနက် မိုးရေနမူနာလက်ခံရရှိခဲ့သည့် ၂၉ စခန်းတို့မှ ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ စံသတ်မှတ်ထားသည့်သောက်သုံးရေအတွက် pHတန်ဖိုးနှင့်ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၄ ခုနှစ်၊ မတ်လအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် ၂၉ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ် ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း တွေ့ရှိရပါသည်။ (ပုံ-၂)

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့်စခန်းများပြပုံ




ပုံ(၂)၊ ၂၀၂၄ ခုနှစ် မတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးပြပုံ




၂၀၂၄ ခုနှစ်၊ မတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၆.၈ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၆.၇ |
| ၃ | မြစ်ကြီးနား | ၆.၆ |
| ၄ | ဗန်းမော် | ၆.၇ |
| ၅ | ခန္တီး | ၆.၅ |
| ၆ | လားရှိုး | ၆.၉ |
| ၇ | တောင်ကြီး | ၆.၉ |
| ၈ | မိုင်းဆတ် | ၆.၆ |
| ၉ | ကျိုင်းတုံ | ၆.၅ |
| ၁၀ | စစ်ကိုင်း | ၆.၇ |
| ၁၁ | ဟုမ္မလင်း | ၆.၆ |
| ၁၂ | ဟားခါး | ၆.၅ |
| ၁၃ | ညောင်ဦး | ၆.၇ |
| ၁၄ | မုံရွာ | ၆.၇ |
| ၁၅ | ကသာ | ၆.၆ |
| ၁၆ | ပြင်ဦးလွင် | ၆.၈ |
| ၁၇ | ကလေးဝ | ၆.၇ |
| ၁၈ | ရန်ကုန်(ကမ္ဘာအေး) | ၆.၉ |
| ၁၉ | မှော်ဘီ | ၆.၈ |
| ၂၀ | မကွေး | ၆.၇ |
| ၂၁ | အောင်လံ | ၇.၀ |
| ၂၂ | စစ်တွေ | ၆.၉ |
| ၂၃ | ကျောက်ဖြူ | ၆.၇ |
| ၂၄ | ပဲခူး | ၇.၀ |
| ၂၅ | တောင်ငူ | ၆.၉ |
| ၂၆ | ရေး | ၆.၅ |
| ၂၇ | ဘားအံ | ၆.၉ |
| ၂၈ | ထားဝယ် | ၆.၇ |
| ၂၉ | မြိတ် | ၆.၅ |

## ကယားပြည်နယ် ဒေသန္တရစီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**လွိုင်ကော် ဧပြီ ၉**

ကယားပြည်နယ် ၂၀၂၃ – ၂၀၂၄ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု သုံးသပ်ဆွေးနွေးခြင်းနှင့် ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၇ ရက် မွန်းလွဲပိုင်းက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၃ –၂၀၂၄ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာတွင် အားနည်းချက်၊ အားသားချက်များကို သုံးသပ်ဆွေးနွေးခဲ့ပြီး ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းလုပ်ငန်းများ အောင်မြင်မှုရှိစေရန်အတွက် ကဏ္ဍအလိုက် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက အချိတ်အဆက်မိမိဖြင့် ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများအား သတ်မှတ်ကာလအတွင်း အချိန်မီအကောင်အထည်ဖော်ပြီးစီးနိုင်ရေး၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အဂတိတရားကင်းရှင်းစွာဖြင့် ဆောင်ရွက်ကြရန် အလေးထားမှာကြားလိုကြောင်း၊ ခွင့်ပြုဘဏ္ဍာငွေများအား အလေအလွင့်မရှိစေရေး သက်ဆိုင်ရာတာဝန်ရှိသူများက အောက်ခြေအထိဆင်းပြီး စနစ်တကျစီမံခန့်ခွဲရန်လိုအပ်ကြောင်း၊ ၂၀၂၄ –၂၀၂၅ ဘဏ္ဍာရေးနှစ် ပထမသုံးလပတ်အတွင်း စတင်နိုင်ခြင်းမရှိသည့် စီမံကိန်းလုပ်ငန်းများ အခြေအနေကို ပြန်လည်သုံးသပ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့အကျိုး၊ ပြည်နယ်အကျိုးကို ရှေးရှုပြီး ပြည်နယ်အတွင်း လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာစေရန်အတွက် တာဝန်ရှိသူများက စေတနာထား ဆောင်ရွက်ပေးကြရန် အလေးအနက်မှာကြားလိုကြောင်း ပြောကြားသည်။



ထို့နောက် ၂၀၂၃ – ၂၀၂၄ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု သုံးသပ်ဆွေးနွေးခြင်းနှင့် ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ရှင်းလင်းတင်ပြခဲ့မှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## “မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တန်ခူးလဆုတ်(၅)ရက်နေ့မှ (၈)ရက်နေ့အထိ (၂၀၂၄ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများမှ သတိပြုရန်အချက်များ”

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများ လိုက်နာရန်-

(က) မူးယစ်သောက်စားယာဉ်မမောင်းရ။
(ခ) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
(ဂ) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
(ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်းလုံးဝမပြုရ။
(စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများ ဖြုတ်၍မောင်းနှင်ခြင်းမပြုရ။
(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲမမောင်းရ။
(ဇ) ဖျက်သိမ်းထားသော ယာဉ်အိုယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသောယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များမမောင်းရ။
(ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
(ည) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်/ ဘေးတွဲဆိုင်ကယ်များမှ စီးနင်းခြင်းလုံးဝမပြုရ။
(ဋ) ပစ်ကပ်ယာဉ်များ(လိုက်ထရပ်/မီနီပစ်ကပ်)သည် သတ်မှတ်ထားသည့် ဝန်အလေးချိန် (လူဦးရေ)ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်းမပြုရ။

၂။ ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

၃။ ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (Alcohol Tester)ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။

၅။ ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် CCTV Camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးပြီး ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၆။ “သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်”

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## အသိပေးနှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တန်ခူးလဆုတ်(၅)ရက်နေ့မှ (၈)ရက်နေ့အထိ(၂၀၂၄ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ)မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်၌ ရေကစားခြင်း၊ သင်္ကြန်ယိမ်းအက အလှဖျော်ဖြေခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်၍ မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်း အထိလည်းကောင်း၊ ဆူးလေဘုရားလမ်းအား အနော်ရထာလမ်းမှ ကုန်သည်လမ်းအထိလည်းကောင်း နံနက် ၀၇:၀၀ အချိန်မှ ညနေ ၁၈:၀၀ အချိန်အထိ ခေတ္တလမ်းပိတ်ထားမည်ဖြစ်ရာ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် လမ်းလွှဲများမှ သွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော် ဧပြီ ၉**

မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်ပါသည်။

ဧပြီ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ဧပြီ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)မှ (ကြာသပတေးနေ့) တိုင်းထုတ်ဝေသည့် ရှမ်းဘာသာတိုင်းရင်းသားကဏ္ဍအချပ်ပိုကို ဧပြီ ၁၈ ရက်တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက် (မော်လမြိုင်)မှ (တနင်္ဂနွေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်းတိုင်းရင်းသားဘာသာအချပ်ပိုကို ဧပြီ ၁၄ ရက်နေ့နှင့် ၂၁ ရက်နေ့တို့တွင်လည်းကောင်း၊ ကိုယ်ပွား သတင်းစာတိုက် (မြစ်ကြီးနား)မှ နှစ်ပတ်တစ်ကြိမ် ထုတ်ဝေသည့် ကချင်ဘာသာတိုင်းရင်းသားကဏ္ဍအချပ်ပိုကို ဧပြီ ၂၀ ရက်နေ့တွင်လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိလက်ခံသွားမည်ဖြစ်ပြီး ဧပြီ ၂၂ ရက်နေ့မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

## တောင်ကြီးမြို့၌ ၂၀၂၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဖွင့်ပွဲကျင်းပ

**တောင်ကြီး ဧပြီ ၉**



ပညာရေး ဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ၂၀၂၄ ခုနှစ် အခြေခံစာတတ်မြောက်ရေး လုပ်ငန်းဖွင့်ပွဲကို ဧပြီ ၈ ရက် နံနက် ၉ နာရီခွဲက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်**

အခြေခံ စာတတ်မြောက်ရေး လုပ်ငန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က ၂၀၂၁-၂၀၃၀ ရည်မှန်းချက်ထဲတွင် ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်သည့်ကျောင်းပြင်ပပညာရေး နည်းလမ်းဖြင့် ကျောင်းသင်ပညာရေးစနစ်တွင် အကြောင်းအမျိုးမျိုးကြောင့် သင်ယူခွင့် မရရှိခဲ့ကြသည့် ကလေးသူငယ်များကို ကျောင်းပြင်ပ မူလတန်းပညာရေးနှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေး အစီအစဉ်များကို သင်ကြားနိုင်အောင် နှစ်အလိုက် မြို့နယ်များ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ၂၀၂၄ ခုနှစ် ဧပြီ ၆ ရက်မှစ၍ ရက်ပေါင်း ၄၀ အနည်းဆုံး နာရီပေါင်း ၁၂၀ တစ်ရက်လျှင် ပျမ်းမျှသုံးနာရီနှုန်းတို့ဖြင့် စတင်ဆောင်ရွက်သွားမည့် ရှမ်းပြည်နယ်ရှိ ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး လုပ်ငန်းများတွင် ၁၅ နှစ်နှင့် အထက် (စာမတတ်သူ)များ အနက် စာရင်းပေးသွင်းထားသည့် သင်ယူလိုသူ ၆၉၀၅ ဦးကို အခြေခံပညာအထက်တန်း အဆင့်နှင့် အထက်ရှိသူ ဒေသန္တရစေတနာ လုပ်အားပေး နည်းပြနှင့်ကြီးကြပ် ၅၈၉ ဦးတို့က စာတတ်မြောက်ရေး လုပ်ငန်း နည်းပြသင်တန်းမှ ရရှိထားသည့် အသိပညာ၊ ဗဟုသုတများနှင့် ကျွမ်းကျင်မှုများကို အခြေပြုပြီး စာတတ်မြောက်ရေးကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ လိုအပ်သော အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုအစီအစဉ်များကို ချမှတ်လျက် ရပ်ကျေး၊ မြို့နယ်နှင့် ခရိုင်စာတတ်မြောက်ရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီဝင်များက လက်တွေ့ကျကျ ပံ့ပိုးကူညီ လုပ်ဆောင်ပေးရန် ရှမ်းပြည်နယ် အစိုးရအဖွဲ့အနေဖြင့် မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက စာတတ်မြောက်ရေးနှင့် ကျောင်းပြင်ပ ပညာရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ကျောင်းပြင်ပ ပညာရေး၏ ကဏ္ဍတစ်ခုဖြစ်သည့် စာတတ်မြောက်ရေးလုပ်ငန်း “မနီပြုံးနိုင်ပြီ” ပညာပေးဇာတ်လမ်းတိုဗီဒီယိုကိုပြသကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဧပြီ ၉**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက “လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့” ဆောင်ပုဒ်နှင့်အညီ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၁၂၅)ရပ်ကွက် ဓမ္မာရုံတွင် ကွင်းဆင်းပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**ကွင်းဆင်းဆောင်ရွက်**

ထိုသို့ ပန်းခင်းစီမံချက်(၃)အဖြစ် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးကျော်ဝင်းထွန်း၏ ကြီးကြပ်မှုဖြင့် တိုက်နယ်မှူးနှင့် ဝန်ထမ်းများက (၁၂၅)ရပ်ကွက်သို့ ကွင်းဆင်း၍ မြေပြင်စာရင်းကောက်ယူခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူပြည်သူများ၊ အသက် ၁၀ နှစ်ပြည့်ပြီးသူနှင့် အသက် ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများအား ကွင်းဆင်းဆောင်ရွက်ပေးခြင်းနှင့် (Biometric) ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခဲ့ကြောင်း သိရသည်။

**အေးမဥ္ဇူ(ပြန်/ဆက်)**



### ❂ နိုင်ငံတကာပြိုင်ပွဲများမှ

မြန်မာ ယူ-၁၉ အသင်းသည် သင်္ကြန်ကာလတွင်လည်း ဆက်လက်လေ့ကျင့်မည်ဖြစ်ပြီး အနီးစပ်ဆုံးပြိုင်ပွဲအဖြစ် ဇွန် ၂၀ ရက်မှ ဇူလိုင် ၃ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပမည့် ၂၀၂၄ အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ယင်းပြိုင်ပွဲအပြီးတွင် အာရှဖလား ယူ-၂၀ ခြေစစ်ပွဲအတွက် ဆက်လက်ပြင်ဆင်သွားမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းသည် အာဆီယံ ယူ-၁၉ ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများကစားခွင့်ရရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေး ဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာ ဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## သက်ရှိတို့၏ စက်နာရီ

### (ဘက်တီးရီးယားတွေရဲ့အစွမ်း၊ ကိုယ်တွေ့ဝိပဿနာနှင့် အခြားဆောင်းပါးများ)စာအုပ် ထွက်ရှိ

စာရေးဆရာ ဒေါက်တာအောင်မြင့်၏ ရောဂါရှာဖွေစစ်ဆေးခြင်းနှင့် ကူးစက်ရောဂါကာကွယ်ဆေးထုတ်လုပ်သည့် လုပ်ငန်းတို့တွင် အစိုးရဝန်ထမ်းအဖြစ် နှစ် ၃၀ နှင့် ကိုယ်ပိုင်ကာကွယ်ဆေးထုတ်သည့်လုပ်ငန်းကို ၁၀ နှစ် လုပ်ကိုင်ခဲ့မှုများနှင့် တွေ့မိ၊ ဖတ်မိ၊ တွေးတောမိခဲ့မှုများကို ရေးသားစုစည်းထားသည့် သက်ရှိတို့၏ စက်နာရီ(ဘက်တီးရီးယားတွေရဲ့အစွမ်း၊ ကိုယ်တွေ့ဝိပဿနာနှင့် အခြားဆောင်းပါးများ)စာအုပ် ထွက်ရှိလာသည်။




အဆိုပါစာအုပ်တွင် ဘက်တီးရီးယားများအကြောင်း၊ ကျန်းမာရေးအထွေထွေဗဟုသုတ စသည့် လောကီအကြောင်းအရာများနှင့် လောကုတ္တရာ အတွေးအမြင်ဆောင်းပါးများကို စုစည်းဖန်တီးထားသည်။ သက်ရှိတွေရဲ့ စက်နာရီ၊ အသက်ရှည်ဆေး မအိုဆေး ရှာပုံတော်၊ ဘက်တီးရီးယားအကြောင်း အကောင်းအမြင်၊ သစ်ပင်တွေရဲ့ ငိုမြည်သံ၊ ပုရိသတို့၏ Prostate ပြဿနာ၊ ထုံဆေးက ကင်ဆာကုဆေးဖြစ်လာတော့မလား၊ AI ကို ချောင်းကြည့်မိတယ်၊ ပလတ်စတစ်ကို စားမယ် ဝါးမယ်၊ သွေးတိုးကို စပ်စုမိခြင်း၊ ကိုယ်တွေ့ဝိပဿနာ၊ တမလွန်ကိစ္စကို တူးဆွနေကြသည်၊ နာကျင်မှုဝေဒနာကို ရှုကြည့်ခြင်းနှင့် လည်ချောင်းကွဲရောဂါဆိုတဲ့ HS ပုံပြင်စသည့် ဘက်တီးရီးယားများ၏အစွမ်း ကိုယ်တွေ့ဝိပဿနာအပြင် အခြားဆောင်းပါး ၄၅ ပုဒ်ကို စုစည်းဖော်ပြထားသည်။

ယင်းစာအုပ်ကို ခင်စန်းမော်စာပေ အမှတ်-၈၃ မာလာမြိုင်(၅)လမ်း ၁၆-ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန်။ ဖုန်း ၀၉-၅၁၁၈၀၅၂ မှ ထုတ်ဝေပြီး ကိုလတ်စာပေ အမှတ်-၂၀၀၊ ၃၁ လမ်း(အပေါ်ဘလောက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့။ ဖုန်း ၀၉-၈၈၅၀၂၀၀၆၈၊ ၀၉-၂၆၅၀၂၀၀၆၈၊ ၀၉-၉၆၅၀၂၀၀၆၈ နှင့် Facebook: Ko Latt Book Shop တို့မှ တန်ဖိုးငွေကျပ် ၈၅၀၀ ဖြင့် ဖြန့်ချိထားကြောင်း သိရသည်။

## ပခုက္ကူစာပေဆုရစာအုပ်များ ဖြန့်ချိရောင်းချ

**ခေတ်စနစ်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့အဆင့်ဆင့်၏ ဖြစ်တည်ဖွံ့ဖြိုးတိုးတက်မှုများစာအုပ်**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၂၁ ခုနှစ် အတွက် ပခုက္ကူစာပေဆုရ၊ သုတေသနစာပေ ပထမဆုရရှိသည့် စာရေးဆရာ တင်တော်၏ “ခေတ်စနစ်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့အဆင့်ဆင့်၏ ဖြစ်တည်ဖွံ့ဖြိုးတိုးတက်မှုများ” စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် သုတေသနစာပေ ပီသစွာ ခေါင်းစီးပေးထားသည်နှင့်အညီ ခေတ်စနစ်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့အဆင့်ဆင့်၏ ဖြစ်တည်ဖွံ့ဖြိုးတိုးတက်မှုများကို အခန်းကိုးခန်းခွဲပြီး ပဒေသရာဇ်ခေတ်၊ ပုဂံခေတ်မှစ၍ လက်ရှိအခြေအနေအထိ တစ်ကဏ္ဍစီ ခွဲခြမ်းစိတ်ဖြာရေးသားပြုစုထားသည်။ နယ်ချဲ့ကို ချည့်နဲ့တုန်လှုပ်စေသော သမိုင်းဝင် ပုလိပ်သပိတ်ကြီး၊ ရဲတပ်ဖွဲ့အမျိုးအစား သုံးမျိုး၊ အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့ (အင်တာပိုလ်) အဖွဲ့ဝင်ဖြစ်ခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများ၊ မှုခင်းကျဆင်းရေးနှင့် ပညာပေး သတင်းထုတ်ပြန်ရေးကော်မတီလုပ်ငန်းများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ၊ ပြည်သူများနှင့် ရဲတပ်ဖွဲ့အင်အား အချိုးအစားမမှန်သော်လည်း ပြည်သူ့အသည်း ပြည်သူ့ရဲဖြစ်စေရေးအတွက် စွန့်စားအနစ်နာခံမှုများ၊ တပ်မတော်နှင့်လက်တွဲ၍ နိုင်ငံ့အကျိုးသယ်ပိုးစွမ်းဆောင်မှုများ စသည်ဖြင့် အချက်အလက်၊ အထောက်အထား၊ အကိုးအကား ခိုင်လုံပြည့်စုံစွာ ပြုစုရေးသားထားသော စာအုပ်တစ်အုပ်ဖြစ်ပါသည်။

**ပင်လယ်ပျော်နှင့် လက်ရွေးစင်ဝတ္ထုတိုများမှ ကောက်နုတ်သော ဝတ္ထုတိုသုံးပုဒ်စာအုပ်**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၂၁ ခုနှစ် အတွက် စာပေဗိမာန်စာမူဆု၊ ဘာသာပြန်စာပေ(ရသ) ပထမဆုရရှိသည့် ဘာသာပြန်သူ ဇွဲ၏ “ပင်လယ်ပျော်နှင့် လက်ရွေးစင်ဝတ္ထုတိုများမှ ကောက်နုတ်သော ဝတ္ထုတိုသုံးပုဒ်” စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ပြဋ္ဌာန်းခဲ့သည့် ရသဝတ္ထုတို သုံးပုဒ်မှာ ဘဝသရုပ်ဖော်ဝတ္ထုတိုများဖြစ်၍ စွန့်စားမှုအခြေခံ လူမှုဘဝကို ဖော်ပြထားသည်။ လုပ်ဖော်ကိုင်ဖက်ချင်းထားရှိသော သဘောထား၊ ပင်လယ်ပျော်တို့၏ လှုပ်ရှားရုန်းကန်ရသော ဘဝတို့ကို ဇာတ်လမ်းဖွဲ့ ရေးသားထားသည်။ မူရင်းစာရေးဆရာက လက်စွမ်းပြရေးသားထားသည့် အာဘော်ကို အတတ်နိုင်ဆုံးမီအောင်၊ ငုံမိအောင် ပြန်ဆိုထားသော စာအုပ်ဖြစ်ပါသည်။

“ခေတ်စနစ်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့အဆင့်ဆင့်၏ ဖြစ်တည်ဖွံ့ဖြိုးတိုးတက်မှုများ” စာအုပ်ကို ရောင်းဈေး ၂၅၀၀ ကျပ်နှင့် “ပင်လယ်ပျော်နှင့် လက်ရွေးစင်ဝတ္ထုတိုများမှ ကောက်နုတ်သော ဝတ္ထုတိုသုံးပုဒ်” စာအုပ်ကို ရောင်းဈေး ကျပ် ၃၀၀၀ တို့ဖြင့် အမှတ် ၅၂၉ - ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ- ၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉- ၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန(ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## ခရမ်းလွန်ရောင်ခြည်အန္တရာယ်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားစွာရှိနေသည့်အချိန်များတွင် ခရမ်းလွန်ရောင်ခြည်နှင့် ထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင်ညိုမည်းလာခြင်းတို့ကိုဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာလာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအရွယ်မတိုင်မီအိုမင်းရင့်ရော်ခြင်း၊ ခုခံအား ကျဆင်းလာခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်းစသည့် ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

**ကာကွယ်နိုင်မည့်နည်းလမ်းများ**

၁။ ခရမ်းလွန်ရောင်ခြည် မြင့်မားစွာကျရောက်နိုင်သည့် နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်းတွင် နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ပါက မိမိအသားကို နေရောင်ခြည်နှင့်တိုက်ရိုက်မထိတွေ့မိစေရန် မျက်နှာ၊ လည်ပင်းနှင့်ပခုံးတို့ကိုပါလုံခြုံသော ထီး၊ ဦးထုပ်စသည်တို့ကို ဆောင်းသွားပါ။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူ မဖောက်နိုင်သော ချည်သားထူထူပွပွအဝတ်အထည်များကို ဝတ်ဆင်ပါ။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်းထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို (၉၉ %)အထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကိုတပ်ဆင်ပါ။

၃။ အဝတ်ကင်းလွတ်နေသောလက်၊ လည်ပင်းနှင့် ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့မဟုတ်) SPF ၁၅+ ပါဝင်သောနေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ (၁၅)မိနစ်ခန့်ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေးတစ်ခါလိမ်းပြီး (၂)နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ကလေးငယ်များနှင့်သက်ကြီးဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။ အသက်တစ်နှစ်အောက်ကလေးငယ်များကို နေပူထဲသို့ခေါ်ဆောင်ခြင်း မပြုပါနှင့်၊ ကလေးများကို အရိပ်ထဲတွင်သာ ကစားစေပါ။






## ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်ကုန်ထုတ်လမ်း/တံတားနှင့် ကျေးလက်ရေပေးရေးလုပ်ငန်းများ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တင်ဒါစတင်ရောင်းချမည့်ရက် | - | ၁၀-၄-၂၀၂၄ (ဗုဒ္ဓဟူးနေ့) |
| (ခ) | တင်ဒါရောင်းချမှုပိတ်သိမ်းရက် | - | ၂၉-၄-၂၀၂၄ (တနင်္လာနေ့) (၁၆:၃၀)နာရီ |
| (ဂ) | တင်ဒါ(နောက်ဆုံး) တင်သွင်းရမည့်ရက် | - | ၃၀-၄-၂၀၂၄ (အင်္ဂါနေ့) (၁၆:၃၀နာရီ) |
| (ဃ) | တင်ဒါဖွင့်မည့်ရက် | - | ၂-၅-၂၀၂၄ (အင်္ဂါနေ့) (၉:၃၀နာရီ) |
| (င) | တင်ဒါရှင်းလင်းပွဲ ဆောင်ရွက်မည့်ရက် | - | ၂၃-၄-၂၀၂၄ (အင်္ဂါနေ့) (၁၀:၀၀)နာရီ |

၂။ တင်ဒါခေါ်ယူထားသည့် Lot စာရင်းများကို သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း/မြောက်ပိုင်း/အရှေ့ပိုင်း)ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများတွင် ကြော်ငြာကပ်ထားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ် (၀၉-၂၆၆၅၅၂၀၂၀၊ ၀၉-၄၄၉၈၇၁၆၅၄၊ ၀၉-၄၂၁၇၄၉၅၈၇)နှင့် သက်ဆိုင်ရာမြို့နယ်၊ ခရိုင်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း/မြောက်ပိုင်း/အရှေ့ပိုင်း)ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးများတွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၉၊ မြေကွက်အမှတ်- ၂၄/၃(စ-၁)၊ ဧရိယာ (၀.၀၉၁)ဧက၊ မြေအမျိုးအစား- မြေပိုင်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်(၃၂)၊ ရိပ်သာလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သော မြေနှင့်အဆောက်အဦ အကျိုးခံစားခွင့်အရပ်ရပ်၏** မြို့မြေစာရင်းအမည်ပေါက်ပိုင်ရှင်များဖြစ်သည့် (၁) ဒေါ်စောမြ [၁၂/ပဘတ (နိုင်)၀၁၅၅၄၈]၊ (၂) ဦးထွန်းထွန်းဟန် [၁၂/ပဘတ(နိုင်)၀၁၈၁၂၇]၊ (၃) ဒေါ်ဝင်းမာဟန်(ခ)မစန်းစန်း [၁၂/ပဘတ(နိုင်)၀၁၈၁၂၈]၊ (၄) ဦးဇေယျာလွင် [၁၂/ကမရ(နိုင်) ၀၅၇၉၈၉]တို့က မိမိတို့တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန့်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈)၊ အောင်ရိပ်သာ (၄)လမ်း၊ မြေကွက်အမှတ် (၃၆၇)၊ (၀.၀၅၆)အကျယ်အဝန်းရှိ ဒေါ်ခင်မျိုးဝင်း [၁၂/တမန(နိုင်)၀၅၄၆၉၇] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးမင်းယုဇံ [၁၂/လသန(နိုင်)၀၁၉၈၄၁]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်LL.B, D.B.L, D.I.L, D.M.L, WIPO(Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **Ph: 09-954280932** | **Ph: 09-420080932, 09-983837110** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | |

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၄-ဂျီ)၊ လူနေရပ်ကွက်အမှတ်-စက်မှု၊ မြေကွက်အမှတ် (အို/၇၂)၊ တရုတ်ဘုရားကျောင်းလမ်း၊ အိမ်အမှတ် (၅) ဟုခေါ်တွင်သောဧရိယာ (၀.၀၄၁)ဧက၊ (၁၈၀၀) စတုရန်းပေ အကျယ်အဝန်းရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့်ယင်းမြေပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစောကျော်စိန် အမည်ဖြင့် မြေငှားဂရန်ထုတ်ပေးထားခြင်းဖြစ်ကြောင်း၊ ယခုရောင်းချသူ ဒေါ်စွပ်ကြူ (၁) ဒေါ်လီသန်း (၁၂/လသန (နိုင်) ၀၀၅၉၇၃)မှအရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိပြီး၊ အရှုပ်အရှင်းကင်းရှင်းပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏ မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဦးတင်မောင်သိန်း (စဉ်-၅၃၃၈) | ဒေါ်ယဉ်ယဉ်အောင် (စဉ်-၁၀၃၈၃) |
| B.A, RL, D.B.L, D.I.L | LL.B, D.B.L, D.I.L, D.M.L |

**တရားလွှတ်တော်ရှေ့နေများ**
ဒေါ်ခိုင်ဇာသွယ် ( LL.B, D.B.L ) ဒေါ်အေးမြတ်မွန် ( LL.B, LL.M, M.Res )
**အထက်တန်းရှေ့နေများ**
အမှတ် (၁၅၇)၊ ဒုတိယထပ်၊ (A-3)၊ ၂၈-လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၀၆၁၅၈ ၊ ၀၉ ၄၃၀ ၆၄၆၇

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း သတင်းစာပုံနှိပ်လုပ်ငန်းမှ ထွက်ရှိသည့် ဘေးထွက်ပစ္စည်းများဖြစ်သော သတင်းစာ(ရိုက်ပျက်)၊ လုံးကျန်၊ လိပ်ခွံ၊ စက္ကူလိပ်၏ထိပ်ပိတ်အဝိုင်းပြား၊ ပုံနှိပ်ပြီးသော ပလိတ်ပြား(အဟောင်း)၊ မင်ပုံးခွံနှင့် ဓာတ်ဆေးရည်ပုံးခွံများကို ဈေးပြိုင်အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်၍ ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးပြိုင်အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်နှင့် အမှတ် (၂၁၂)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တို့တွင် ၂၂-၄-၂၀၂၄ ရက်နေ့မှ ၆-၅-၂၀၂၄ ရက်နေ့အထိ ရုံးဖွင့်ရက်တွင် နေ့စဉ် နံနက် ၁၀:၀၀ နာရီမှ ညနေ ၄:၃၀ နာရီအတွင်း လာရောက်ဝယ်ယူနိုင်ပြီး ၇-၅-၂၀၂၄ ရက်နေ့ မွန်းတည့် ၁၂:၀၀ နာရီအတွင်း အမှတ်(၂၁၂)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်တင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်၍ တင်သွင်းသောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါအာမခံကြေးအဖြစ် တင်ဒါတင်သွင်းမည့်ပစ္စည်းတန်ဖိုး (၁%)အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုမှ PG (Preformancce Bank Guarantee) ပြုလုပ်၍ ပေးသွင်းရမည်ဖြစ်သည်။

၄။ ဈေးပြိုင်အိတ်ဖွင့်တင်ဒါပုံစံနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချုပ် (နေပြည်တော်)၊ ဒုတိယညွှန်ကြားရေးမှူး(စီမံ)၊ ဖုန်း- ၀၆၇၃၄၁၂၆၆၂၊ ဖုန်း ၀၁၈-၃၉၈၆၆၉၊ ၀၁၈-၂၀၁၁၉၂ တို့ထံ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်။**
**အမှတ်(၂၁၂)၊ သိမ်ဖြူလမ်း၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန
## တည်ဆောက်ရေး(၄)၊ လမ်းအထူးအဖွဲ့(၂၄)
## တင်ဒါအမှတ်စဉ် (၁/၂၀၂၄-၂၀၂၅)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ တည်ဆောက်ရေး(၄)၊ လမ်းအထူးအဖွဲ့( ၂၄)၊ မြိတ်မြို့မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု၊ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများတွင် အသုံးပြုမည့် စံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝသော လုပ်ငန်းသုံးပစ္စည်းများအား ( မြန်မာကျပ်ငွေ) ဖြင့် ဝယ်ယူမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များ အနေဖြင့် လျှောက်လွှာများတင်သွင်းနိုင်ပါကြောင်း အသိပေးကြော်ငြာ၍ ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့် နေ့ရက် | - | ၉-၅-၂၀၂၄ ရက် (ကြာသပတေးနေ့) |
| တင်ဒါပိတ်မည့်နေ့ရက်/အချိန် | - | ၂၃-၅-၂၀၂၄ ရက် (ကြာသပတေးနေ့) မွန်းတည့် (၁၂:၀၀ )နာရီ |
| တင်ဒါဖွင့်မည့်နေ့ရက်/အချိန် | - | ၂၄-၅-၂၀၂၄ ရက် (သောကြာနေ့) နံနက် ( ၉:၀၀ )နာရီ |
| တင်ဒါဖွင့်မည့်နေရာ | - | လမ်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ရုံး၊ လမ်းအထူးအဖွဲ့(၂၄)၊ မြိတ်မြို့ |

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းမျဉ်း၊ စည်းကမ်းများ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့ (၂၄)၊ မြိတ်မြို့၊ ဒုတိယညွှန်ကြားရေးမှူး( မြို့ပြ )ရုံး၊ ဖုန်း-၀၉-၄၄၂၀၇၃၄၈၈၊ ၀၉-၄၂၀၇၁၇၈၂၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့ (၂၄)၊ မြိတ်မြို့**

## ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ရောဝတီပတ်လမ်း(၁)၊ ဓနုဖြူပန်းခြံ၊ ၆/၁၂ ရပ်ကွက်၊ အမှတ်(၃၇-က)နေ ဒေါ်ဇင်မာထွန်း [၁၄/ဟသတ(နိုင်)၂၂၉၃၃၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးသန့်ဆိုင်ဝင်း[၁၂/အစန(နိုင်)၁၀၆၀၂၆]နှင့် ဒေါ်ဇင်မာထွန်း[၁၄/ဟသတ(နိုင်)၂၂၉၃၃၂]တို့နှစ်ဦးသည် စိတ်သဘောထားချင်း မတိုက်ဆိုင်ကြတော့သဖြင့် ၁၇-၁၁-၂၀၂၃ ရက်နေ့က နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ကြခြင်းဖြစ်ပါသည်။ ဦးသန့်ဆိုင်ဝင်းနှင့် ဒေါ်ဇင်မာထွန်းတို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှပတ်သက်ဆက်နွှယ်ခြင်း မရှိတော့ပါကြောင်းနှင့် ကွာရှင်းပြတ်စဲပြီးသည့်နေ့မှစ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း နောက်နောင်ကိုလည်း တစ်ဦး၏ ကိုယ်ရေးကိုယ်တာကိစ္စကို တစ်ဦးက ဝင်ရောက်စွက်ဖက်ခြင်း ပြုလုပ်ပိုင်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပေရယ်စိုး (LL.B,D.B.L,DL-101) (WIPO-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၀၈၅)**
**ဖုန်း- ၀၉-၄၂၃၀၀၈၀၆၀၊ ၀၉-၂၅၀၉၃၄၀၀၃**

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်နေ ဦးခင်ကြီး၏ သမီး မစမ်းနွယ်အေး [၁၀/ပမန (နိုင်) ၀၉၁၁၆၇]၏ မွေးသက္ကရာဇ်အမှန်မှာ (၂၆-၅-၁၉၇၉) ဖြစ်ပါကြောင်း။

## တစ်ဦးတည်း ဖြစ်ကြောင်း

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ တောင်ပကျေးရွာ မြောက်ပိုင်းနေ မင်းကျော်စွာလင်း၏ ဖခင် ဦးအောင်လင်း (ခ) ဦးကိုလင်း [၁၀/မဒန (နိုင်) ၁၃၈၈၄၅]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်လင်း(ခ) ဦးကိုလင်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် တင်ထွန်းဇော် [၁၁/ကဖန (နိုင်) ၀၀၀၆၂၇] ကိုင်ဆောင်ထားသော CDC နံပါတ် 91485 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-421095146**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်း ဒေသကြီး၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ မြခွာညိုအိမ်ရာ၊ မြတိုက်၊ အခန်းအမှတ် (၂၀၂)ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အေးအေးဝင်း [၁၂/လသန(ဧည့်) ၀၀၀၁၉၈]ထံမှ ပြန်လည်ဝယ်ယူထားသူ ဒေါ်အေးချိုချို [၁၀/မလမ (နိုင်) ၀၂၀၈၃၈]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာန**
**မြို့ပြနှင့်အိမ်ရာ**
**ဖွံ့ဖြိုးရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်- ရန်ကုန်တွင် အောက်ပါလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

**ဆောင်ရွက်မည့်လုပ်ငန်းများ**

၁။ A ဆောင် အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်း (၃၀၆'x၁၂၆'x၃၀' အမြင့်) အတွင်း/အပြင် ဆေးသုတ်ခြင်း (ရေသန့်/လျှပ်စစ်/ပိုက်ဆက်လုပ်ငန်းအပါအဝင်)

၂။ Sound Proof Diesel Generator 60 KVA

အိတ်ဖွင့်တင်ဒါပုံစံများကို ၂၂-၄-၂၀၂၄ ရက် (တနင်္လာ)နေ့မှစတင်၍ ရုံးချိန်အတွင်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၀-၅-၂၀၂၄ ရက် (သောကြာ)နေ့ ညနေ (၄:၃၀)နာရီ နောက်ဆုံးထားတင်သွင်းရမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း ၀၁-၇၅၇၁၂၇၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်**

## ကယားပြည်နယ်အစိုးရအဖွဲ့ရုံး
## တိုင်းရင်းသားရေးရာဝန်ကြီးဌာန
## ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါအဆိုပြုလွှာခေါ်ယူခြင်း

၁။ ကယားပြည်နယ်အစိုးရအဖွဲ့၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန၊ ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၄ - ၂၀၂၅ ခု ဘဏ္ဍာရေးနှစ်တွင် 60 W LEDနှင့် 115 W LED လမ်းမီးလုံး ဝယ်ယူတပ်ဆင်ခြင်း (၅၀၀ လုံး)၊ Arm Roll Garbage Truck (၁) စီးဝယ်ယူခြင်း၊ (14) Tons Excavator (၁) စီးဝယ်ယူခြင်း၊ စိမ်းလန်းစိုပြည်ရေးအတွက် နှစ်ရှည်အလှပင်များစိုက်ပျိုးခြင်း၊ ရုံး RC (၂) ထပ် ဆောက်လုပ်ခြင်း (၈၀'x၃၀'x၂၄')၊ နိုင်လွန်ကတ္တရာခင်းခြင်း၊ လမ်း၊ တံတား၊ ရေပေးရေး၊ အခြားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်ပါသဖြင့် စိတ်ဝင်စားမှုရှိသည့် ပြည်တွင်းမြန်မာနိုင်ငံသားကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာအား အောက်ပါအတိုင်းတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါတင်သွင်းရမည့်နေရာ | ပြည်နယ်ခန်းမ၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့ |
| (ခ) | လိပ်မူရမည့်ပုဂ္ဂိုလ် | ဥက္ကဋ္ဌ ၊ တင်ဒါကော်မတီ |
| (ဂ) | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | (၁၁-၄-၂၀၂၄)ရက် (ရုံးချိန်အတွင်းသာ) |
| (ဃ) | တင်ဒါလျှောက်လွှာ ပိတ်သိမ်းမည့်ရက် | (၂၅-၄-၂၀၂၄)ရက်၊ ညနေ (၁၆:၀၀) နာရီထိ |
| (င) | ရောင်းချမည့်နေရာ | ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့၊ကယားပြည်နယ်ခန်းမ၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့ |
| (စ) | တင်ဒါဖွင့်မည့်နေ့ရက် | ဆက်သွယ်အကြောင်းကြားပါမည်။ |

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ဖုန်း (၀၉-၄၂၈၀၀၄၈၄၉၊ ၀၉-၄၄၄၃၇၃၈၃၁၊ ၀၉-၄၂၈၀၀၀၆၁၈၊ ၀၉-၂၅၀၈၆၃၆၈၂)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**MAGDPL**
MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC CO., LTD

## မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်
### အစုရှယ်ယာရှင်များမှ မတည်ငွေရင်းလျှော့ချခြင်းနှင့် စပ်လျဉ်းသည့် အတည်ပြုချက်များအား ဆုံးဖြတ်ပြီးဖြစ်ပါကြောင်း ကြေညာချက် ထုတ်ပြန်ခြင်း

**မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင် ကုမ္ပဏီလီမိတက်၏ DICA ၌ မှတ်ပုံတင်ထားသည့် အဆိုပြု အစုရှယ်ယာအရေအတွက် 2,079,100 အား ထည့်ဝင်ပြီး အစုရှယ်ယာ အရေအတွက် 1,006,035 သို့ ပြောင်းလဲပြင်ဆင်ခြင်းအတွက် Online အသုံးပြု၍ အစုရှယ်ယာရှင်များ၏ သဘောထားတောင်းခံရန် ကျင်းပသည့် အထူးအထွေထွေအစည်းအဝေးကို ၅-၄-၂၀၂၄ ရက်နေ့ မွန်းလွဲ (၁:၀၀) နာရီတွင် အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့ပြီး ဖြစ်ပါသည်။**

**အစည်းအဝေးတွင် တက်ရောက်ဆန္ဒမဲပေးသူ အစုရှယ်ယာရှင်အရေအတွက် ၈၇.၂၆% မှ အတည်ပြု သဘောထား ဆန္ဒမဲပေးခဲ့ပါကြောင်းနှင့် DICA သို့ အစုရှယ်ယာအရေအတွက်အား 1,006,035 သို့ ပြောင်းလဲ မှတ်ပုံတင်ရန် အစုရှယ်ယာရှင်များ၏ ဆုံးဖြတ်ချက်အား အသိပေး ကြေညာအပ်ပါသည်။**

**MAGDPL ၏ မတည်ငွေရင်း လျှော့ချရခြင်း အကြောင်းအရင်းမှာ CB Securities Ltd. ၏ စိစစ်ကြီးကြပ်မှုဖြင့် Yangon Stock Exchange (YSX) ၏ Pre Listing Board တွင် စာရင်းဝင်ကုမ္ပဏီအဖြစ် ဝင်ရောက်နိုင်ရန်အတွက်ဆောင်ရွက်ရခြင်းဖြစ်ပါသည်။**

ဒါရိုက်တာအဖွဲ့
မြန်မာ့လယ်ယာထွက်ကုန်နှင့်အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်

## ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ တည်ဆောက်ရေးလုပ်ငန်း (၅)ခု၊ အုတ်ခြံစည်းရိုး (၁)ခု၊ အကြီးစားပြင်ဆင်ခြင်း (၁)ခု၊ မီးငြိမ်းသတ်ရေးစက်ပစ္စည်းကိရိယာ (၉)ခု၊ ရှာဖွေကယ်ဆယ်ရေး ပစ္စည်းကိရိယာ (၂)ခု၊ ရုံးသုံးစက်ပစ္စည်းကိရိယာ(၁)ခုနှင့် အခြားစက်ပစ္စည်း(၂)ခုတို့အား ဝယ်ယူ ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များနှင့် သိရှိလိုသည်များကို အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - | (၂၂-၄-၂၀၂၄)ရက် |
| တင်ဒါပုံစံနောက်ဆုံး ရောင်းချမည့်ရက် | - | (၃-၅-၂၀၂၄)ရက် |
| တင်ဒါပုံစံရောင်းချမည့်နေရာ | - | အမှတ်(၁၂၉)၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး |

**(တင်ဒါဖောင်ပြန်လည်တင်ရမည့်ရက်အား အကြောင်းကြားသွားပါမည်)**

**တင်ဒါကော်မတီ**

**ဖုန်း - ၀၉-၄၂၀၀၆၇၈၉၅**

**၀၉-၄၀၁၆၇၅၈၀၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်
## တည်ဆောက်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်တွင် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းအတွက် အစိုးရအသိအမှတ်ပြု မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်-

- **ပညာအလင်းရောင်ဆောင်ပြုပြင်မွမ်းမံခြင်း။ (၁၂၀'x၄၀'x၄၅') (နံရံများဆေးသုတ်ခြင်း၊ သံပန်းတပ်ဆင်ခြင်း၊ ကြွေပြားခင်းခြင်းနှင့် နံရံကပ်ပန်ကာများ တပ်ဆင်ခြင်း)**

| | | | | |
|---|---|---|---|---|
| ၂။ | (က) | တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက် | - | (၂၃-၄-၂၀၂၄) (အင်္ဂါနေ့) ရုံးချိန်အတွင်း |
